# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 November 2025 ၁၂၀၁၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်၊ မလေးရှားနိုင်ငံ ပီနန်မြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးမြို့၏ အရှေ့ဘက် ရေမိုင် ၂၆၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ကားနီကိုးဘားမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။ စာမျက်နှာ ၄ ကော်လံ ၅ သို့ ✪






ပေါက်ခေါင်းမြို့နယ်၌ မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို တွေ့ရစဉ်။

## ပေါက်ခေါင်းမြို့နယ်၌ မိုးစပါး ဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ပေါက်ခေါင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ရာသီအလိုက် အဓိကစိုက်ပျိုးသော သီးနှံတစ်မျိုးဖြစ်သည့် မိုးစပါး ၃၁၉၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်၍ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင် သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ** စာမျက်နှာ » ၆

**သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်** စာမျက်နှာ » ၁၀




ကြေးမုံ

# နိုင်ငံလူမှုစီးပွားမြင့်မားတိုးတက်ရေး MSME လုပ်ငန်းများအားပေးမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၃ ရက်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် "ဖွံ့ဖြိုးပြီးနိုင်ငံများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး စီးပွားရေး တိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင် လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ထုတ်ကုန်များ မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး MSME လုပ်ငန်းများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲက နိုင်ငံတကာနှင့်နှိုင်းယှဉ်၍ ရည်ညွှန်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝအရင်းအမြစ်များ ကြွယ်ဝမှုနှင့် ရာသီဥတုသင့်တင့်ကောင်းမွန်မှုကို အရင်းပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို ခေတ်မီတိုးတက်လာစေရန်နှင့် နိုင်ငံ၏အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အထောက်အပံ့ကောင်းများဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အလေးအနက်ထားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် MSME လုပ်ငန်းများကို မြှင့်တင်အားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်ခြင်းသည် တိုးပွားလာမည့်လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ရေး စသည့်ရည်မှန်းချက်များ ပြည့်မီစေမည်ဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်စေရေးတွင် ကုန်ထုတ်လုပ်မှုတိုးတက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုသည် ကုန်ထုတ်လုပ်ငန်းများအပေါ်တွင် များစွာတည်မှီသည်။ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်ဆောင်ပုဒ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်ကို ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများနှင့် အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့် လိုအပ်ချက်ဖြစ်သည်။ "စက်မှုစွမ်းအား ခေတ်ကျော်လွှား" ဆောင်ပုဒ်အတိုင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည်။

စက်မှုလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်း၌ လိုအပ်သည့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များ လျော့ချလာနိုင်သည်။ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ချလာနိုင်သဖြင့် နိုင်ငံခြားငွေယိုစီးမှု လျော့နည်းသက်သာလာမည်ဖြစ်သည့်အတွက် တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။ စက်မှုကဏ္ဍတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ အခွန်အခနှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာမူဝါဒများကို ရိုးရှင်းအောင်ဆောင်ရွက်ပြီး စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများ၊ အထူးစက်မှုဇုန်များ တည်ဆောက်ပေးထားပြီးဖြစ်သည်။

ယနေ့ကာလတွင် MSME လုပ်ငန်းများကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲအနေဖြင့် ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံစေရေး လမ်းညွှန်မှာကြားထားပြီးသားဖြစ်သည့်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူအားလုံး လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အသိပေးကြေညာချက်


မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် မော်တော်ယာဉ် နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများ တပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များအား ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့ မွန်းလွဲ ၃နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း ကိုမိုရင်းဒေသနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံတောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။



မိုး/ဇလ

## ၂၅ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၁၁၆ | ၁,၀၀၄,၆၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၁,၄၅၈ | ၅,၂၄၈,၈၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂၅ | ၁၉၀,၀၀၀ |
| FPB | ၂,၀၅၀ | ၂,၁၀၀ | ၄၅၆ | ၉၄၂,၆၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၀၀ | ၈၅၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂,၂၁၇ | ၃,၇၁၈,၉၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၂ | ၇,၂၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၃၀ | ၉၄,၅၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


# တာဝန်မှ ရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၉ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှ ရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင် အား တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်




# စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**မှာကြား**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရန်နှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရန်၊ အထပ်လိုက်ခင်းကျင်းပြသမည့် စာပေအနုသုခုမလက်ရာများနှင့် အတွင်းပိုင်းအလှဆင်ခြင်းလုပ်ငန်း



များ ခေတ်မီဆန်းသစ်လှပသော ဒီဇိုင်းပုံစံများ ဖြစ်စေရန်၊ ကဏ္ဍအလိုက် ခင်းကျင်းပြသမည့် စာပေအနုပညာဆိုင်ရာပစ္စည်းများ စုဆောင်းထားရှိရန်နှင့် လျှုဒါန်းမှုရရှိနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ နိုင်ငံတော်၏ တစ်ခုတည်းသော စာဆိုဗိမာန်ဖြစ်သည်နှင့်အညီ ခေတ်မီသစ်လွင်တောက်ပသည့် အဆောက်အအုံဖြစ်စေရန်၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို တိတ်ဆိတ်ငြိမ်သက်သည့် ရပ်ဝန်းဖြစ်စေရေးနှင့် အဆောက်အအုံပိုင်း ပြင်ဆင်မွမ်းမံမှုများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု၊ အတွင်းပိုင်းအလှဆင်ခြင်းနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး စာပေဗိမာန်စာတည်းမှူးချုပ်က စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံသစ်နေရာ ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုများ၊ ပြောင်းရွှေ့မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်းအေဂျင်စီ(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ (Science Festival 2025) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီ Naypyitaw State Polytechnic University (NSPU) ၌ ဆက်လက်ကျင်းပသည်။

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ Project Shows ပြုလုပ်နေမှု၊ ပန်းချီပြခန်းနှင့် စုဝေးခန်းမ၌ “The Science Movies Almanac” မှတ်တမ်းရုပ်ရှင်များ ပြသနေမှုကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရုရှားနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြား ဆွေးနွေးပေးကြသည်။

ထို့ပြင် အခြေခံပညာ အထက်တန်းကျောင်းများမှ Grade–5 ကျောင်းသား ကျောင်းသူ ၁၀၀



ခန့်သည် “DIY Science Session” ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်း ပြိုင်ပွဲတွင် လူငယ်များ သိပ္ပံကမ္ဘာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရရှိစေမည့် အခွင့်အလမ်းများ ပေးနိုင်ရန်၊ အခြေခံအင်ဂျင်နီယာနည်းပညာရပ်များ တီထွင်ဖန်တီးနိုင်သော အရည်အချင်းများ၊ အသိပညာ ဗဟုသုတများ ရရှိစေရန် ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။

Small Modular Reactor (SMR) အသေးစားနျူကလီးယားစက်ရုံနှင့်စပ်လျဉ်းသည့် အသိပညာဟောပြောပွဲတွင် ရုရှားပညာရှင်များက SMR သည် ဘေးကင်းပြီး ယုံကြည်စိတ်ချရမှုရှိသည့် နည်းပညာရပ်များဖြင့် တည်ဆောက်ထားသော စနစ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက အလိုအလျောက် ဘေးကင်းလုံခြုံစွာ Shut Down လုပ်နိုင်စွမ်းရှိသည့် စနစ်များပါရှိကြောင်း ဆွေးနွေးပြောကြားသည်။

HackAtom ပြိုင်ပွဲတွင် အဖွဲ့ ၁၀ ဖွဲ့မှ Small modular nuclear reactors as a basis for industrial development of the region ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက အနိုင်ရရှိသည့် အဖွဲ့များကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ **ရှေ့ဖုံးမှ**

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်ကြပြီး စိုက်ပျိုးရန်မြေကေ အလွန်ပေါများသည့်အပြင် တစ်နှစ်ပတ်လုံး သီးနှံမျိုးစုံစိုက်ပျိုးနိုင်စေရန်အတွက် တောင်နဝင်းရေလှောင်တမံကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ နိုဝင်ဘာ ၂၅ ရက်အထိ မိုးစပါး ၃၁၉၃၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကအထွက်နှုန်းမှာ ၉၀ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် တင်း ၂၈၉၈၆၃၀ ထွက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးစပါးကို တောင်သူလယ်သမားများ၏ လယ်ယာမြေများတွင် လျာထားကေပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့်စက်ပစ္စည်းအကူအညီများနှင့် စိုက်ပျိုးရေးနည်းလမ်းကောင်းများကို ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံရှိ ဗန်ကောက်၊ ချွန်ဘူရီနှင့် ဆုန်ခလာမြို့တို့၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေး၊ အားကစားနည်းအလိုက် မျှော်မှန်းဆုတံဆိပ်များရရှိရေး၊ ပြိုင်ပွဲကာလအတွင်း တည်းခိုနေထိုင်မှု၊ စားသောက်မှု၊ လေ့ကျင့်မှုများနှင့် ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်လုပ်ငန်းတာဝန်များ ကြိုတင်ခွဲဝေဆောင်ရွက်ရေးနှင့် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများဆွတ်ခူးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း (MTM)၏ ၂၀၂၅-၂၀၂၆ ခုနှစ် သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံရာ အသင်းမှတာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အသင်းအနေဖြင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်မားတိုးတက်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများအပြင် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်ကြရန်၊ ကမ္ဘာ့ခရီးသွားဈေးကွက်တွင် ဧည့်သည်များ စိတ်ဝင်စားမှုများပြားသည့် Authentic Experiences နှင့် Authentic Culture များကိုအခြေခံ၍ ဆွဲဆောင်ကြရန်၊ နိုင်ငံတကာဈေးကွက်အခြေအနေကိုလေ့လာဆန်းစစ်သုတေသနပြု၍ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ၂၀၂၅ ခုနှစ် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ရပ်ရွာများတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖွင့်လှစ်ထားသည့် အမျိုးသမီးဂေဟာများတွင် အမျိုးသမီးများ၏ လုံခြုံရေးအတွက် ယာယီနားခိုရာနေရာများ စီစဉ်ပေးခြင်း၊ တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ် ထောက်ပံ့ပေးခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ တရားဥပဒေအကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် အခြားသောဝန်ဆောင်မှုများရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့်လည်း မိမိတို့၏ဆောင်ရွက်မှုများသည် ထိရောက်သည့်ဆောင်ရွက်မှုဖြစ်စေရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ အမျိုးသမီးများအတွက် ဥပဒေအကာအကွယ်ရယူနိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်မှုပပျောက်ရေးမှတ်တမ်း ဗီဒီယိုကိုပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ခန်းမအတွင်းပြသထားသည့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု" အထိမ်းအမှတ်ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ယဉ်ကျေးမှုပြခန်းခင်းကျင်းပြသရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ယဉ်ကျေးမှုပြခန်းခင်းကျင်းပြသရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အတ္ထရုံခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးနှင့် စီးပွားရေးရာဝန်ကြီး နိုင်လယိတမတို့က အမှာစကားပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသော ပြည်နယ်/မြို့နယ် မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာစာပေနှင့် ယဉ်ကျေးမှု ကော်မတီများမှ တိုင်းရင်းသားရိုးရာ အမွေအနှစ်ပစ္စည်းများ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ရှေးဟောင်းစာပေ၊ ရိုးရာတူရိယာနှင့် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်း ပြသနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး တင်ပြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကာ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့၏ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား မွန်ပြည်နယ် တိုင်းရင်းသား ယဉ်ကျေးမှုစင်တာ ယဉ်ကျေးမှုပြခန်းတွင် ခင်းကျင်းပြသနိုင်ရေးအတွက် လှူဒါန်းလိုပါက မွန်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ မုန်တိုင်းငယ်မှ

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၉ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည်အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၃၂ ရက်

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။



## လပွတ္တာမြို့နယ်အတွင်း မဲစာရင်းများ ကပ်ထားကြေညာ

လပွတ္တာ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း နိုဝင်ဘာ ၂၁ ရက်မှစ၍သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

လပွတ္တာမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၈၂ အုပ်စု၊ မဲဆန္ဒရှင်စုစုပေါင်း ၁၆၅၀၀၃ ဦး၊ မဲရုံစုစုပေါင်း ၂၂၆ ရုံ ရှိကြောင်းနှင့် မဲစာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်မြသပိတ်စေတီတော် (၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၁ ရက်က မင်းလှမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက မလွန်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်စဉ်။ ကောင်းစစ်နိုင်

## ပျဉ်းမနားမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းပို့ချ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးမျိုးလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာ၌ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်ကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ထိန်းချုပ်စက် ကိုင်တွယ်သူနှင့် မဲရုံလုံခြုံရေးအစရှိသည့် မဲရုံအဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိတို့က သင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



သင်တန်းကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူများအား ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ဆောင်ရန်ရှောင်ရန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ကဏ္ဍများကို သင်ကြားပို့ချပေးကာ အီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသင်ကြားပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့်သင်တန်းများသို့သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်လှစ်

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယနေ့နံနက်ပိုင်းက အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

### ကြည့်ရှုအားပေး



သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများ၊ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက် အချိန်ကာလ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်အကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ တာဝန်နှင့် ဝတ္တရာများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက သင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြလေးဦးတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံဖြည့်သွင်းရမည့်ပုံစံများ၊ မဲရုံပုံစံခင်းကျင်း၍ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၂၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ စည်သူ(ပြန်/ဆက်)

# အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ

**အောင်ရှင်း**

ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide – CSW) ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာမာဗင်သောမတ်စ်ဆီ ဒီအိတ်ဖွင့်ပေးစာကို ရေးသားတာဟာ ဘယ်သူများလဲလို့ စိတ်ဝင်စားနေပါလိမ့်မယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူတစ်ယောက်သာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း၊ တစ်ဖက်သတ်စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူတစ်ဦးဖြစ်ပါတယ်။

ခင်ဗျားတို့ **CSW အဖွဲ့ရဲ့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ သတင်းပြန်ကြားချက်ကို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒီပြန်ကြားချက်ဟာ အချက်အလက်ခိုင်မာမှု၊ မျှတမှုလုံးဝမရှိဘဲ၊ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် အခြေအမြစ်မရှိ ပရမ်းပတာစွပ်စွဲထားတဲ့ ဝါဒဖြန့်စာရွက်တစ်စောင်မျှသာဖြစ်တယ်လို့ ကျွန်တော်တို့ ပြတ်ပြတ်သားသား ပြောကြားလိုပါတယ်။**

ခင်ဗျားဟာ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ မြေပြင်ပကတိအခြေအနေမှန်တွေကို တိတိကျကျ သိရှိနားလည်ခြင်းမရှိဘဲ ပြည်တွင်း/ပြည်ပက ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုတွေက လိုသလိုပုံဖော်ထားတဲ့ သတင်းအချက်အလက် အမှားတွေကိုသာအခြေခံပြီး သံယောင်လိုက်ပြောဆိုနေခြင်းဖြစ်ပါတယ်။ ခင်ဗျားရဲ့ ဒီလိုစည်းကမ်းမဲ့တဲ့ ထုတ်ဖော်ပြောဆိုချက်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေကို မခန့်လေးစား ပြုမူပြောဆိုရာရောက်သလို တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကို အားပေးအားမြှောက်ပြုရာရောက်တဲ့ စော်ကားမှုတစ်ခုလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီအိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံအတွင်းမှာ အမှန်တကယ်နေထိုင်နေပြီး NUG၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်အဖွဲ့တွေကြောင့် ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မြင်တွေ့ခံစားနေရတဲ့ သာမန်ပြည်သူတစ်ဦးရဲ့အသံအဖြစ် ခင်ဗျားရဲ့ မဟုတ်မမှန်စွပ်စွဲချက်တွေကို ပြန်လည်တုံ့ပြန်ရှင်းပြလိုပါတယ်။






အကြမ်းဖက်သမားများက မိုးဖြဲမြို့နယ်ရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ကသာမြို့နယ် မိုးတားလေးရွာရှိ ဘုရားကုန်းအား အကာအကွယ်ယူ အသုံးချတိုက်ခိုက်ခဲ့သည့် အထောက်အထားများ။

ပထမဆုံးအနေနဲ့ ခင်ဗျားနားလည်ထားရမှာက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ပျက်စီးဆုံးရှုံးမှုတွေဟာ ခင်ဗျားစွပ်စွဲသလို တပ်မတော်က အရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်နေလို့ ဖြစ်နေတာမဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်က NLD ပါတီရဲ့ အစွန်းရောက်အုပ်စုတွေကနေ မွေးဖွားလာတဲ့ NUG၊ CRPH၊ PDF လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ 'အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်' (all–out destruction path) ကြောင့်သာ ဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်ကျိုးရှာနိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ သူတို့ကိုမထောက်ခံတဲ့ ပြည်သူတိုင်းကို ဒလန်လို့စွပ်စွဲပြီး အကြောင်းမဲ့ သတ်ဖြတ်နေကြတာဟာ ကမ္ဘာကအသိပါ။

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ကိုးကွယ်မှုဘာသာ အယူအဆခွဲခြားမှုရှိနေပြီး မျှတမှုမရှိ အသည်းအသန် စိုးရိမ်ပြနေချိန်မှာ ဒီအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ပြည်သူတွေ အကြောင်းကိုတော့ ဘာကြောင့် တစ်ခွန်းမှမပြောတာပါလဲ။

ခင်ဗျားတို့ရဲ့ သုတေသနထဲမှာ NUG/PDF အကြမ်းဖက်သမားတွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ လက်နက်မဲ့အပြစ်မဲ့ပြည်သူ ၅၇၆၇ ဦး အကြောင်း ဘာလို့မပါတာလဲ။

သူတို့ရဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရတဲ့ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော် ၈၈ ပါးနဲ့ သီလရှင် နှစ်ပါးအကြောင်းကိုရော ခင်ဗျား ဘာကြောင့် လျစ်လျူရှုထားတာလဲ။

အနာဂတ်မျိုးဆက်သစ်တွေကို ပညာသင်ပေးနေတဲ့ ဆရာ ဆရာမ ၇၈ ဦး အပါအဝင် ပြည်သူ့ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးမှူးတွေ ထောင်နဲ့ချီပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာကိုရော ခင်ဗျားရဲ့ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့က မသိလေအောင် မျက်စိပိတ်၊ နားပိတ်နေခဲ့တာလား။

ပြည်သူပိုင်စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံ ၅၆၀ ကို ဗုံးခွဲမီးရှို့ဖျက်ဆီးခဲ့တာ၊ တံတားတွေ၊ ဆေးရုံတွေ၊ အုပ်ချုပ်ရေးရုံးတွေကို မိုင်းခွဲခဲ့တာတွေကရော ခင်ဗျားတို့ရဲ့ ဘာသာရေးလွတ်လပ်ခွင့်စံနှုန်းတွေနဲ့ ကိုက်ညီနေလို့လား။

မြန်မာ့တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့ တရားဝင်ကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပြီး ဒီလိုမျိုး အကြမ်းဖက်လုပ်ရပ်တွေကို တုံ့ပြန်ဖို့နဲ့ နိုင်ငံသားအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ တပ်မတော်ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)ကို Rules of Engagement (ROE) နဲ့အညီ စနစ်တကျဆောင်ရွက်နေတာဖြစ်ပြီး ခင်ဗျားစွပ်စွဲသလို ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်း၊ ပစ်မှတ်ထား တိုက်ခိုက်ခြင်းမျိုး လုံးဝ(လုံးဝ) မရှိပါဘူး။

ခင်ဗျားရဲ့ နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်စွပ်စွဲချက်တွေကို ကျွန်တော်တို့ပြည်သူတွေက အချက်အလက်အမှန်တွေနဲ့ ရှင်းပါဦးမယ်။ ခင်ဗျားက FORB Network ဆိုတာကို ကိုးကားပြီး ခရစ်ယာန်ဘုရားကျောင်း ၂၂၀ ကျော် ဖျက်ဆီးခံရတယ်၊ ဘုန်းတော်ကြီး ၈၅ ဦး သတ်ဖြတ်ခံရတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ အကြီးစားလိမ်လည်မှု မြောက်ပါတယ်။

ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law–IHL) ကို ကိုးကားခဲ့တယ်။

ဒါပေမဲ့ IHL က 'ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့' အတိအလင်းတားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ **အဖြစ်မှန်ကတော့ ချင်းပြည်နယ် အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ NUG က မွေးထုတ်လိုက်တဲ့ CNF၊ CNA၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ 'ဘာသာရေးအဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း' (Abusing Religious Buildings as Defensive Posts)၊ 'ယာယီစစ်တန်းလျားအဖြစ် အသုံးပြုခြင်း' (Using as Temporary Barracks) နဲ့ 'အဆိုပါ ဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း' (Planting Landmines Near Places of Worship) တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်။**

အဲဒီ CNF၊ CNA၊ PDF အဖွဲ့တွေဟာ ချင်းပြည်နယ်မှာ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကို နှောင့်ယှက်တိုက်ခိုက်နေပြီး တည်ငြိမ်အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးနေလို့ ခေတ်အဆက်ဆက် သူပုန်မရှိခဲ့တဲ့ ချင်းပြည်နယ်မှာ တိုက်ပွဲတွေ ဖြစ်ပွားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ ရယူဖို့ ကြိုးစားနေတဲ့ NUG အဖွဲ့ရဲ့ လွဲမှားတဲ့နိုင်ငံရေးအတွေးကြောင့် ဖြစ်ပေါ်လာရတဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ ဒါတွေက တပ်မတော်ရဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုက်ပွဲတွေမဟုတ်ပါဘူး။ တပ်မတော်ဟာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ အဖျက်လုပ်ရပ်တွေကို ဟန့်တားပြီး တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်ရေးအတွက် အကြမ်းဖက်သူပုန်တွေကို ဦးတည်တိုက်ခိုက်နေရုံမျှသာ ဖြစ်ပါတယ်။

**CSW အဖွဲ့ရဲ့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ သတင်းပြန်ကြားချက်ကို ကျွန်တော်တို့ပြည်သူတွေအနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒီပြန်ကြားချက်ဟာ အချက်အလက်ခိုင်မာမှု၊ မျှတမှုလုံးဝမရှိဘဲ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် အခြေအမြစ်မရှိ ပရမ်းပတာစွပ်စွဲထားတဲ့ ဝါဒဖြန့်စာရွက်တစ်စောင်မျှသာဖြစ်**

စာမျက်နှာ ၇ သို့




အကြမ်းဖက်သမားများက ဒီးမော့ဆိုမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် ခံစစ်စခန်းပြုလုပ်ထားမှု။

❑ စာမျက်နှာ ၆ မှ

တပ်မတော်အနေနဲ့ ဘယ်ဘာသာရေး အဆောက်အအုံကိုမှ အကြောင်းမဲ့ ပစ်မှတ်ထား တိုက်ခိုက်တာမျိုးလုံးဝမရှိပါ။ ပျက်စီးမှုတွေဟာ တိုက်ပွဲဇုန်အတွင်းဖြစ်ပွားနိုင်တဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေတွေ (Unavoidable Collateral Damage)၊ အထူးသဖြင့် အကြမ်းဖက်အဖွဲ့တွေက ဘုရားကျောင်း၊ စေတီပုထိုးတွေကို အကာအကွယ်ယူ အသုံးချ တိုက်ခိုက်နေတာကြောင့် ဖြစ်ပါတယ်။

**IHL အရ ကာကွယ်ထားတဲ့နေရာတစ်ခုကို စစ်ရေးခံစစ်စခန်းအဖြစ် အသုံးပြုလိုက်တဲ့အချိန်မှာ အဲဒီနေရာဟာ သူ့ရဲ့အကာအကွယ် (Protected Status) ကို ဆုံးရှုံးသွားပြီး တရားဝင်စစ်ရေးပစ်မှတ် (Legitimate Military Target) ဖြစ်သွားတယ်ဆိုတာ IHL ကို ကိုးကားထားတဲ့ ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းတွေ ပျက်စီးရခြင်းရဲ့ တရားခံအစစ်ဟာ အကြမ်းဖက်သမားတွေကိုယ်တိုင်ပဲဖြစ်ပါတယ်။**




ဘာသာပေါင်းစုံ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသည့် ရန်ကုန်မြို့ရှိ အထင်ကရနေရာ။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ(၃၄)မှာ ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံထားပြီးသားဖြစ်လို့ မြန်မာနိုင်ငံအတွင်းမှာ အဓိကကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားသော ဘာသာရေးအဆောက်အအုံများစာရင်းကို ခင်ဗျားသိအောင် ဖော်ပြပေးလိုက်ပါတယ်။

လူတိုင်း လူတိုင်းဟာ မိမိယုံကြည်ရာအတိုင်း ဗုဒ္ဓဘာသာအပါအဝင် အခြားဘာသာပေါင်းစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသလို လက်ရှိယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌဦးဆောင်တဲ့ အစိုးရကလည်း မြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးရဲ့ ဘာသာရေးပွဲတော်တွေကို လုပ်ငန်းအားလပ်မှုအပေါ်မူတည်၍ ကိုယ်တိုင်တက်ရောက် ချီးမြှင့်အားပေးလျက်ရှိပါတယ်။

ဒါပေမဲ့ အကြမ်းဖက်သမားတွေက မြို့ပြတွေမှာပါ ဘာသာရေးပွဲတော်ကို အသုံးချပြီး အကြမ်းဖက်မှုပြုလုပ်ဖို့ ရည်ရွယ်ချက်အတွက် လူစုလူဝေးပွဲတွေ၊ လူနေရပ်ကွက်တွေ၊ ဘုရားကျောင်းလိုနေရာမျိုးတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်မှုတွေ၊ ဗုံးခွဲမှုတွေလုပ်ဆောင်ဖို့ စိမ့်ဝင်ကြိုးပမ်းနေတာတွေ ရှိနေပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ လုံခြုံရေးဆိုင်ရာ စိစစ်မှုတွေ၊ ယာယီထိန်းညှိမှုတွေ လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ ဒါဟာ ခရစ်ယာန်ဘာသာကို ပစ်မှတ်ထားတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုကို တားဆီးဖို့သာဖြစ်ပြီး ဝတ်ပြုကိုးကွယ်သူပြည်သူတွေရဲ့ လုံခြုံရေးကိုကာကွယ်ပေးခြင်းသာ ဖြစ်ပါတယ်။ ခင်ဗျားတို့စွပ်စွဲသလို ခရစ်ယာန်နဲ့ အစ္စလာမ်တွေကို ရန်သူအဖြစ် သတ်မှတ်နေတာ မဟုတ်ဘဲ အကြမ်းဖက်သမားတွေကိုသာ ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

| စဉ် | မြို့နယ် | ခရစ်ယာန် | | | အစ္စလာမ် | | | ဟိန္ဒူ | | | တရုတ်ကျောင်း | | | နတ်နှင့်အခြား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဗလီ | စာသင်ကျောင်း | ပေါင်း | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဘုံကျောင်း | စာသင်ကျောင်း | ပေါင်း | | |
| ၁ | ကချင် | ၁၃၆၃ | ၈ | ၁၃၇၁ | ၂၁ | ၃ | ၂၄ | ၁၉ | - | ၁၉ | ၃၇ | - | ၃၇ | ၂ | |
| ၂ | ကယား | ၄၂၄ | ၇ | ၄၃၁ | ၁ | ၁ | ၂ | ၅ | - | ၅ | ၁ | - | ၁ | - | |
| ၃ | ကရင် | ၉၇ | ၈ | ၁၀၅ | ၆၉ | ၇၀ | ၁၃၉ | ၃၂ | ၁၉ | ၅၁ | ၅ | - | ၅ | - | |
| ၄ | ချင်း | ၂၃၅၈ | ၁၁ | ၂၃၆၉ | ၁ | - | ၁ | ၂ | - | ၂ | - | - | - | ၃၅ | |
| ၅ | စစ်ကိုင်း | ၈၆၄ | ၁၂ | ၈၇၆ | ၈၁ | ၂၁ | ၁၀၂ | ၂၅ | - | ၂၅ | ၇ | - | ၇ | - | |
| ၆ | တနင်္သာရီ | ၉၈ | - | ၉၈ | ၁၀၀ | - | ၁၀၀ | ၁၉ | - | ၁၉ | ၃၄ | - | ၃၄ | - | |
| ၇ | နေပြည်တော် | ၄၆ | - | ၄၆ | ၂၆ | ၁ | ၂၇ | ၇ | - | ၇ | ၄ | - | ၄ | - | |
| ၈ | ပဲခူး(ရှေ့) | ၁၀၅ | - | ၁၀၅ | ၆၇ | - | ၆၇ | ၁၁၇ | - | ၁၁၇ | ၂၄ | - | ၂၄ | - | |
| ၉ | ပဲခူး(နောက်) | ၁၅၉ | - | ၁၅၉ | ၄၀ | ၇ | ၄၇ | ၂၉ | - | ၂၉ | ၁၁ | - | ၁၁ | - | |
| ၁၀ | မကွေး | ၅၇ | - | ၅၇ | ၃၀ | - | ၃၀ | ၁၃ | - | ၁၃ | - | - | - | - | |
| ၁၁ | မန္တလေး | ၁၇၇ | ၈ | ၁၈၅ | ၁၉၅ | ၇၅ | ၂၇၀ | ၁၁၀ | - | ၁၁၀ | ၃၀ | ၂ | ၃၂ | ၃ | |
| ၁၂ | မွန် | ၄၇ | - | ၄၇ | ၁၁၅ | ၇၅ | ၁၉၀ | ၁၅၂ | - | ၁၅၂ | ၃၂ | - | ၃၂ | - | |
| ၁၃ | ရခိုင် | ၈၉ | ၁ | ၉၀ | ၁၆၆၈ | ၁၁၁၈ | ၂၇၈၆ | ၂၆ | - | ၂၆ | ၁ | - | ၁ | - | |
| ၁၄ | ရန်ကုန် | ၃၄၁ | ၂၉ | ၃၇၀ | ၁၅၁ | ၇၆ | ၂၂၇ | ၂၇၃ | - | ၂၇၃ | ၁၂၈ | - | ၁၂၈ | ၇ | |
| ၁၅ | ရှမ်း(တောင်) | ၂၁၇ | - | ၂၁၇ | ၃၁ | ၃ | ၃၄ | ၃၈ | ၁ | ၃၉ | ၁၈ | - | ၁၈ | - | |
| ၁၆ | ရှမ်း(မြောက်) | ၂၃၄ | - | ၂၃၄ | ၂၃ | ၁၁ | ၃၄ | ၄၈ | - | ၄၈ | ၄၆ | - | ၄၆ | - | |
| ၁၇ | ရှမ်း(ရှေ့) | ၅၄၇ | - | ၅၄၇ | ၅ | - | ၅ | ၂ | - | ၂ | ၉ | ၁ | ၁၀ | ၂၅ | |
| ၁၈ | ဧရာဝတီ | ၆၆၉ | ၃ | ၆၇၂ | ၁၀၆ | ၄၂ | ၁၄၈ | ၄၉ | - | ၄၉ | ၂၉ | - | ၂၉ | - | |
| | စုစုပေါင်း | ၇၈၉၂ | ၈၇ | ၇၉၇၉ | ၂၇၃၀ | ၁၇၀၃ | ၄၄၃၃ | ၁၀၀၀ | ၂၀ | ၁၀၂၀ | ၄၁၆ | ၃ | ၄၁၉ | ၇၂ | |

တိုင်းနှင့်ပြည်နယ်အလိုက် ဘာသာရေးအဆောက်အအုံများစာရင်း (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအထိ)

ခင်ဗျားရဲ့ စွပ်စွဲချက်တွေထဲမှာ အလွယ်တကူ အမှား/အမှန် စစ်ဆေးနိုင်တဲ့ လိမ်ညာမှုကတော့ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မန္တလေး ငလျင်ကြီးနဲ့ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ခင်ဗျားက 'ပြိုကျပျက်စီးသွားသော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများအား မူလပုံစံအတိုင်းသာ ပြန်လည်တည်ဆောက်ခွင့်ပြုသည်'ဆိုတဲ့ အမိန့်ဟာ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ဒီကနေ့သတ်ချက်ကြောင့် သက်တမ်းရင့် ခရစ်ယာန်ဘုရားကျောင်းတွေ ပြိုကျပျက်စီးသွားရသလို ပုံဖော်စွပ်စွဲရေးသားထားပါတယ်။

ခင်ဗျားရဲ့ ဒီစွပ်စွဲချက်ဟာ လုံးဝလွဲမှားနေကြောင်း ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ငလျင်ဘေးဟာ ဘာသာပေါင်းစုံကို ထိခိုက်ခဲ့ပါတယ်။ မတ်လ ၂၈ ရက်နေ့က ဖြစ်ပေါ်ခဲ့တဲ့ မန္တလေး ငလျင်ကြီးဟာ ဘာသာတရားကိုရွေးပြီး ခွဲခြား လှုပ်ခတ်ခဲ့တာမဟုတ်ပါဘူး။ ခင်ဗျားရဲ့ သုတေသနဟာ မန္တလေးမြို့က ကမ္ဘာကျော် ဗုဒ္ဓဘာသာအမွေအနှစ်တွေရဲ့ ပျက်စီးမှုကို တမင်ချန်လှပ်ထားခဲ့ပါတယ်။ ယူနက်စကို (UNESCO) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားဟာ ပြင်းထန်စွာပျက်စီးမှုကို ခံစားခဲ့ရပါတယ်။ အလားတူပဲ ရွှေဂူကြီးကျောင်းတိုက်၊ မယ်နုအုတ်ကျောင်းနဲ့ မင်းကွန်းပုထိုးတော်ကြီး အစရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရနေရာပေါင်းများစွာလည်း အကြီးအကျယ် ပျက်စီးခဲ့ပါတယ်။

ပြန်လည်တည်ဆောက်ရေးဟာ အားလုံးအတွက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံ ၁၇၀၀ ကျော်ကို ပြန်လည်ထိန်းသိမ်း၊ ပြုပြင်၊ တည်ဆောက်ပေးလျက်ရှိနေပါတယ်။ မူလပုံစံအတိုင်းဆိုတာ နိုင်ငံတကာစံနှုန်းဖြစ်ပါတယ်။ ခင်ဗျားက ခွဲခြားဆက်ဆံတဲ့ ကန့်သတ်ချက်လို့စွပ်စွဲတဲ့ မူလပုံစံအတိုင်းသာဆိုတဲ့ မူဝါဒဟာ တကယ်တော့ ခွဲခြားဆက်ဆံမှုမဟုတ်ပါဘူး။ ဒါဟာ ယူနက်စကို (UNESCO)နဲ့ နိုင်ငံတကာ အထိမ်းအမှတ် အဆောက်အအုံနှင့် နေရာဒေသများကောင်စီ(International Council on Monuments and Sites–ICOMOS) လို နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းရေး ကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ ရှေးဟောင်းအမွေအနှစ်တန်ဖိုး မပျက်စီးစေဖို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာမခွဲဘဲ တန်းတူညီမျှ ကျင့်သုံးရတဲ့ နိုင်ငံတကာစံနှုန်း (International Standard for Historical Preservation) တစ်ခုသာ ဖြစ်ပါတယ်။

ဒီအချက်ကိုတောင် ခင်ဗျားက တမင်လိမ်ညာပြီး ဘာသာရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့တာဆိုတော့ CSW အဖွဲ့ရဲ့ ရည်ရွယ်ချက်ဟာ ညီညွတ်ရေးမဟုတ်ဘဲ ဖြိုခွဲရေးဖြစ်နေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ခင်ဗျားဟာ စွပ်စွဲချက်တွေအပြင် တောင်းဆိုချက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့တဲ့အချက်တွေဟာ ဆိုရင်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ပြည်တွင်းရေးကို အဝေးကနေ လက်ညှိုးထိုး အမိန့်ပေးချင်နေတဲ့ ကိုလိုနီစရိုက်ကို ထင်ဟပ်စေပါတယ်။

ခင်ဗျားရဲ့ တောင်းဆိုချက်တွေထဲမှာ အသိအမှတ်မပြုနိုင်လောက်အောင် စော်ကားမှုမြောက်တာကတော့ ၂၀၂၄ ခုနှစ် စစ်မှုထမ်းဥပဒေအား ချက်ချင်းရုပ်သိမ်းရမယ်ဆိုတဲ့ အချက်ပါပဲ။

မစ္စတာမာဗင်သောမတ်စ်သိသင့်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅)၊ (၃၈၆) တို့နဲ့အညီ တရားဝင်အတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါဟာ ခင်ဗျားစွပ်စွဲသလို နှိပ်စက်ညှဉ်းပန်းမှုလက်နက်မဟုတ်ပါဘူး။ ဒါဟာ အိမ်နီးချင်းအာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပြင် ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေလိုမျိုးပဲဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်အရ လက်ရှိအခြေအနေနဲ့ကိုက်ညီစွာ အကောင်အထည်ဖော်ထားတာဖြစ်ပါတယ်။

**ဒါဆိုခင်ဗျားရဲ့ CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလိုနိုင်ငံတွေကိုရောသူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်း လမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက် စွက်ဖက်တာမျိုး ခွင့်မပြုနိုင်/ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဗျားအတိအလင်း သိရှိထားရပါမယ်။**

ခင်ဗျားရဲ့ လူသားချင်းစာနာမှုဆိုတဲ့ မျက်နှာဖုံးဟာ ခင်ဗျားရဲ့ နောက်ဆုံးတောင်းဆိုချက်မှာ လုံးဝကွာကျသွားပါတယ်။ ခင်ဗျားက မြန်မာ့တပ်မတော်အတွက် လေယာဉ်ဆီ ထောက်ပံ့နေမှုတွေကို ပစ်မှတ်ထား အရေးယူပိတ်ဆို့ရမယ်လို့ တောင်းဆိုခဲ့တယ်နော်။ ဒါဟာ လူသားချင်းစာနာထောက်ထားမှု တောင်းဆိုချက်မဟုတ်ပါဘူး။ ဒါဟာ စစ်ရေးတောင်းဆိုချက် (Military Demand) ဖြစ်ပါတယ်။

ခင်ဗျားရဲ့ ရည်ရွယ်ချက်အမှန်က အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းနေတဲ့ မြန်မာ့တပ်မတော် လေကြောင်းစွမ်းရည်ကို ပျက်ပြားစေလိုပြီး အကြမ်းဖက်တွေကို အကာအကွယ်ပေးလိုတာ ဖြစ်ပါတယ်။

**ခင်ဗျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင်ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားတို့လို အနောက်အုပ်စုလက်ဝေခံမီဒီယာတွေ၊ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်းကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ ဆန္ဒအမှန်က ခင်ဗျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေမဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့စွက်ဖက်မှုတွေ မဟုတ်ပါဘူး။**

**ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG/PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတား မိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်းသာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာဖြစ်ပါတယ်**

စာမျက်နှာ ၈ သို့ ❑

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာပေါင်းစုံ ဘာသာရေးပွဲတော်များသို့ တက်ရောက်အားပေးသည့် မှတ်တမ်း


နေပြည်တော် မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်နေမှု


St. Mary's Cathedral Church တွင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)အခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု




ပျဉ်းမနားမြို့နယ်ရှိ ဦးကျေး ဂျာမေဗလီတွင် အစ္စလာမ်ဘာသာဝင်များအား အလှူငွေများ ပေးအပ်လှူဒါန်းနေမှု


ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်အား တက်ရောက်ချီးမြှင့်နေမှု



တရုတ်နှစ်သစ်ကူး အခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု



ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်နေမှု

❒ စာမျက်နှာ ၇ မှ

တစ်ဆက်တည်းမှာပဲ ခင်ဗျားက ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီ တိုက်ရိုက်စီးဆင်းစေမယ့် အကူအညီဆိုပြီး တောင်းဆိုခဲ့တယ်။ ဒါဟာ တရားဝင်အစိုးရကို ကျော်ပြီး NUG/PDF အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေကို တရားမဝင်ငွေကြေးနဲ့ ထောက်ပံ့ရေးပစ္စည်းတွေပေးပို့ဖို့ ကြိုးစားနေတာဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖော်ထုတ်လိုက်တာပါပဲ။

**ခင်ဗျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင် ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားတို့လို အနောက်အုပ်စုလက်ဝေခံမီဒီယာတွေ၊ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်း ကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ ဆန္ဒအမှန်က ခင်ဗျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ စွက်ဖက်မှုတွေ မဟုတ်ပါဘူး။**

**ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG/PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတား မိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်းသာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာ ဖြစ်ပါတယ်။**

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တာ၊ ဘာသာရေးကိုခုတုံးလုပ်ပြီး နိုင်ငံရေးပဋိပက္ခကို မီးထိုးပေးတာ၊ အကြမ်းဖက်အဖွဲ့တွေကို သွယ်ဝိုက်ထောက်ခံအားပေးတာတွေသာဖြစ်နေတဲ့အတွက် ဒါဟာ CSW အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပေးလိုပါတယ်။

ခင်ဗျားရဲ့လုပ်ရပ်တွေကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ခင်ဗျားကို အကြမ်းဖက်အားပေးသူတစ်ဦးအဖြစ်သာ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် မမှန်မကန် စွပ်စွဲပြောဆိုမှုတွေကို ရပ်တန်းကရပ်ဖို့၊ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုနေမှုတွေကို ရပ်တန့်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့ ကျွန်တော်တို့ သာမန်ပြည်သူတွေက တောင်းဆိုလိုက်ပါတယ်။ "မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေသည့် မည်သည့်လုပ်ရပ်ကိုမဆို တုံ့ပြန်ရန် ဥပဒေအရ အခွင့်အာဏာ အပြည့်အဝရှိသည်" ဆိုတဲ့အကြောင်းကိုလည်း ခင်ဗျားနဲ့တကွ နိုင်ငံတကာက သိရှိအောင် ဒီအိတ်ဖွင့်ပေးစာက နေတစ်ဆင့် အသိပေးလိုက်ရပါတယ်။ ။

**(ဤဆောင်းပါးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူတစ်ဦး၏ အာဘော်သာဖြစ်ပြီး ဘာသာရေးနှင့် သက်ဆိုင်မှုမရှိကြောင်း တင်ပြအပ်ပါသည်။)**

# ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားကို နေပြည်တော် ရုံးအမှတ် (၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီတို့မှ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်းအပေါ်သာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက အမျိုးသမီးသုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အနည်းဆုံးတစ်ကြိမ် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသည်ဟု ဖော်ပြခဲ့ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုကို ဖြစ်စေသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုလည်း ပိုမိုမြင့်တက်စေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဆောင်ပုဒ်မှာ **“UNiTE to End Digital Violence against All Women and Girls” “အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး”** ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် အကြမ်းဖက်မှုများသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေများပြဋ္ဌာန်းပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း၊ ကာကွယ် စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာန/အစိုးရ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့်သူများက Help Line ဖုန်းနံပါတ် 1566 ကို တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး အတွက် လိုအပ်ချက်ပေါ်မူတည်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ(Case Manager) ၅၉၆ ဦးနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (One Stop Women Support Center–OSWSC)နှင့် ကျား/မ အခြေပြု အကြမ်းဖက်ခံရသူများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာ (One Stop Crisis Center – OSCC)တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့တွင် ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း ပြောကြားသည်။




ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကိုပြသပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အမျိုးသမီးငယ်များက Fitness Dance ဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းတုန်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လှည့်လည်ဆော်ဩ

**မင်းတုန်း နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် ယမန်နေ့ ညနေပိုင်းက လူတို့၏ပေါ့ဆမှုကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မိဘပြည်သူများ လိုက်နာဆောင်ရွက်ရန် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်များအတွင်း လှည့်လည်ဆော်ဩခဲ့ကြသည်။

အဆိုပါ ညွှန်ကြားချက်များမှာ နေအိမ်အဆောက်အအုံတိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံး၊ လှေကားနှင့် မီးသတ်ဆေးဘူးများထားရှိရန်၊ မီးဖိုမီးများအား စနစ်တကျအသုံးပြုကြရန်၊ အမှိုက်ပုံလောင်စာများ စနစ်တကျစွန့်ပစ်ရန်၊ လေပြင်းများတိုက်ခတ်လာပါက မီးဖိုမီးသုံးစွဲခြင်း မပြုရန်၊ ဂက်စ်မီးဖိုအသုံးပြုပါက လေဝင်၊ လေထွက် ကောင်းမွန်အောင် ပြုလုပ်ရန်၊ ပျက်စီးချို့ယွင်းနေသော လျှပ်စစ်မီးကြိုးများ၊ မီးခလုတ်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများကို အသုံးမပြုကြရန်နှင့် တောမီးတားလမ်းများ ပြုလုပ်ထားကြရန် လှည့်လည်ဆော်ဩခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မကွေး နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အမျိုးသမီး ကော်မတီဝင်များ၊ အမျိုးသမီးရေးကို ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် အမျိုးသမီး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်အနေဖြင့် “အမျိုးသမီးများ အပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး” “UNITE to End Digital Violence against All Women and Girls” ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုပြီး လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများက ကလေးသူငယ်ကိစ္စရပ်များ၊ ကျား၊ မ အခြေပြု အိမ်တွင်းအကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များနှင့် သက်ငယ်မုဒိမ်းကိစ္စရပ်များအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ တရားရင်ဆိုင် ခရီးစရိတ်များ၊ အသက် မွေးဝမ်းကျောင်းစရိတ်များ ထောက်ပံ့ပေးခြင်းနှင့်ဥပဒေပိုင်းဆိုင်ရာ လိုအပ်သော အထောက်အကူများ ရရှိနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ လုံခြုံရေးအတွက် နာခိုးရာနေရာများ စီစဉ်ပေးခြင်း၊ အခြားသော ဝန်ဆောင်မှုများ ရရှိနိုင်ရေးအတွက် ညွှန်းပို့ချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်ကိုပြသခဲ့ပြီး မိခင်မေတ္တာမူကြိုကျောင်းမှ သမီးငယ်လေးများက “ဗမာမလေး” တေးသီချင်းဖြင့်လည်းကောင်း၊ မကွေးကလေးပြုစုရေးဌာနမှ သမီးငယ်လေးများက “သဘင်သည်မလေးမနှင်းဆီ” တေးသီချင်းဖြင့် လည်းကောင်း၊ မကွေးမူကြိုကျောင်းမှ ကလေးငယ်လေးများက “အတူတွဲကာ” တေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သားငယ်သမီးငယ်လေးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပထမနှစ်သင်တန်း စတင်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အောက်မြန်မာပြည်တွင် အသစ်ဖွင့်လှစ်လိုက်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ပထမနှစ် သင်တန်းများကို စတင်သင်ကြားပို့ချလျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက သင်ကြားသင်ယူရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် ဘွဲ့ကြိုသင်တန်း ပထမနှစ်ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များ အားကိုးအားထား ပြုရသည့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များ ဖြစ်စေရေးအတွက် ဆိုင်ရာဘာသာရပ်များကို စနစ်တကျ ကြိုးပမ်းလေ့လာ သင်ယူသွားကြရန်နှင့် သုတေသနကိုအခြေခံသော သင်ကြား သင်ယူမှုပြုလုပ်ရန်အတွက် Center Excellence ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသားဗဟိုပြုစနစ်နှင့်တီထွင်သင်ကြားပေးရန် လိုအပ်ကြောင်း၊ ခေတ်မီ IT နည်းပညာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးကြရန်၊ အားကစားနှင့် ဘက်စုံဖွံ့ဖြိုးရေးအပြင် စိတ်ဓာတ်စည်းကမ်းပညာ ပြည့်စုံသော လူချွန်လူကောင်းများဖြစ်စေရေး ကြိုးပမ်းသွားကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘာသာရပ်အလိုက် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ အလားတူ ကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၅ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ဒီဇင်ဘာလ(၁၈)ရက်နေ့ နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျောင်းသား ကျောင်းသူ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်ပညာရေးတက္ကသိုလ်သည် မြန်မာ့ပညာရေးကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုနိုင်မည့် ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးနေသော ဦးဆောင်ပညာရေးတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရကြောင်း သိရသည်။

**သင်ကြားပေးလျက်ရှိ**

ရန်ကုန်ပညာရေးတက္ကသိုလ်သည် အခြေခံပညာ၏ Grade-10၊ Grade-11 နှင့် Grade-12 သင်ရိုးများနှင့် ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု၊ ပညာရေးစိတ်ပညာ၊ သင်ပြနည်းနှင့် သင်ရိုးညွှန်းတမ်း၊ ကာယနှင့်ကျောင်းကျန်းမာရေးစသော ပညာရေးဘာသာရပ်များပေါင်းစပ်ပြီး ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သော ဆရာ ဆရာမကောင်းများဖြစ်လာစေရန် ကမ္ဘာသုံး၊ အတန်းတွင်းသုံး အကဲဖြတ်စစ်ဆေးနည်းစနစ်များစွာဖြင့် ကျောင်းသားကျောင်းသူများ၏ အရည်အသွေးကို နှစ်စဉ်စစ်ဆေးခြင်း၊ လက်တွေ့နှင့်တန်းပြဆင်းစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနည်းစနစ်များတွင် ကျောင်းသားဗဟိုပြုနည်းလမ်း (Student-centered Approach)၊ ကျောင်းသားအချင်းချင်း အဖွဲ့လိုက်ဆွေးနွေးခြင်း(Group Discussion)၊ အချင်းချင်းအကဲဖြတ်စစ်ဆေးခြင်း (Peer Assessment)နှင့် စာကြည့်တိုက်အခြေပြုပရောဂျက် (Library-Based Project)တို့ဖြင့် သင်ကြား၊ သင်ယူမှုပြုလုပ်လျက်ရှိရာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နိုဝင်ဘာ ၁၇ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံလျက်ရှိပြီး သင်တန်းအသီးသီးကို နိုဝင်ဘာ၂၄ ရက်မှစ၍ စတင်



ဖွင့်လှစ်သင်ကြားခြင်း၊ စာကြည့်တိုက်မိတ်ဆက်ခြင်း(Library Orientation)ကိုလည်း ပထမနှစ် ကျောင်းသား ကျောင်းသူများအတွက် ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၅)ရပ်ကွက် ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ "ရွှေဇင်ယော်" ဆန်စက်နှင့် အခြားစက်ရုံ၊ အလုပ်ရုံများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဗိုလ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသစ္စာထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၅ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## Polytechnic University (မြိတ်) ဘွဲ့ကြို(ပထမနှစ်) သင်တန်းတက်ရောက်မည့် မောင်မယ်သစ်လွင်များအား လှိုက်လှဲနွေးထွေးစွာကြိုဆို

**မြိတ် နိုဝင်ဘာ ၂၅**

Polytechnic University (မြိတ်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို(ပထမနှစ်) သင်တန်းတက်ရောက်ကြမည့် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအားလုံးကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ပြီး သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

**သင်ကြားသင်ယူမှုများ စတင်**



Faculty of Engineering တွင် ကျောင်းသား ကျောင်းသူ ၄၁၀ နှင့် Faculty of Computing တွင် ကျောင်းသား ကျောင်းသူ ၃၄၂ ဦးတို့အား ဒုတိယပါမောက္ခချုပ်၊ သင်တန်းရေးရာဌာနမှူးနှင့် ဆရာ ဆရာမများက လှိုက်လှဲပျူငှာ နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး ဆရာ ဆရာမများက ဦးဆောင်၍ သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်သည်။

သင်ကြားသင်ယူမှုများ စတင်ချိန်တွင် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအားလုံးရှိ ကျောင်းသား ကျောင်းသူများကို သင်တန်းရေးရာ ဌာနမှူးက ကျောင်းစည်းကမ်းများ၊ အဆောင်စည်းကမ်းများ၊ သင်ကြားရေးဆိုင်ရာစည်းကမ်းများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

**❖ KK Park မှ**

တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး ရှိသည့်အနက် ၂၃၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၁၂ ထပ် အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ ၁၆ လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၂ လုံးနှင့် တစ်ထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိသည့်အပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းသုံး ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်း တွေ့ရှိခြင်း မရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး ယနေ့တွင် တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသူများကိုလည်း အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



KK Park နယ်မြေအတွင်းရှိ အပိုင်း(၃) အဆောက်အအုံအတွင်းမှ ကွန်ပျူတာ အလုံး ၁၀၀ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်းရှိ ယန္တရားဖြင့် ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများမှ အိမ်ရာသုံးပစ္စည်းများ စုပုံမီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ ငါးထပ်တိုက်အား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ နှစ်ထပ်လူနေအဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ နှစ်ထပ်လူနေအဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် တစ်ထပ်ဧည့်တွေ့ဆောင်အား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိသည့် နှစ်ထပ်တိုက်တန်းလျားများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် သုံးထပ်တိုက်လူနေအဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ၁၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး(၁၀/၂၀၂၅) တက်ရောက်

**မုံရွာ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁၀/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ ဝင်ရောက်လာစေရန်နှင့် လက်ရှိလည်ပတ်နေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြင့် အခက်အခဲ ကြန့်ကြာမှုမရှိအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ဆက်စပ်ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ တိုးမြှင့်ဝင်ရောက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆင့်ဆင့်သန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် အောက်တိုဘာလအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှု လုပ်ငန်းများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ကော်မတီအတွင်းရေးမှူးတို့က ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Heli Myanmar Co.,Ltd (ဟယ်လီမြန်မာ ကုမ္ပဏီလီမိတက်)က စစ်ကိုင်းမြို့တွင် SKD စနစ်ဖြင့် Forklift အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စနှင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် နှစ်ဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Great Sapphire Co.,Ltd (မဟာနီလာ ကုမ္ပဏီလီမိတက်)က ရင်းနှီးမြှုပ်နှံသည့် အရပ်ဒေသ၏ မြေကလျှော့ချပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## ကလေးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလေး နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ယနေ့နံနက်ပိုင်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။



**ဟောပြော**

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီထွေးက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးလွင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ ဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝေဇင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဖြစ်ပေါ်သည့် အကြောင်းရင်းများ အကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် သစ်တောကြေးမုံမဂ္ဂဇင်း စာအုပ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလေး)**

---

## မင်းဘူးမြို့၌ အိမ်သုံး၊ လုပ်ငန်းခွင်သုံး မီတာများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းပြီး ပြည်သူများ ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးအတွက် အိမ်သုံး၊ လုပ်ငန်းခွင်သုံးမီတာများ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းအစုအဖွဲ့များက လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာဖြင့် သုံးစွဲနိုင်ရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေးနှင့် စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများအား တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းပြီး ပြည်သူများ ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းတပ်ဆင် အသုံးပြုစေရေးတို့အတွက် လျှပ်စစ်နှင့်ဆိုင်သော ပညာပေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ပြီး လူစည်ကားရာနေရာများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

---

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေးဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် ရန်ကြီးအောင်လမ်းပေါ်၌ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ ဆန်းလင်း(ခ) ဒေါက်ဆန်း(၆၀)နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားသည့် လှုံ့ဆော်စာများနှင့် ဓာတ်ပုံများကို Tiktok လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆန်းလင်း (ခ) ဒေါက်ဆန်းအား နိုဝင်ဘာ ၁၇ ရက်တွင် ရွှေဘိုမြို့မရဲစခန်း၌ (ပ)၃၃၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် သီရိလမ်း ကမော့ကစင်ရွာသစ်ဘုန်းကြီးကျောင်း မုခ်ဦးအနီးစိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးခြင်းခံထားရကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဖျက်ဆီးခဲ့သည့် အမှတ်(၉) ရပ်ကွက်နေ ထက်နေလင်း(၂၇)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ထက်နေလင်းအား ဘားအံမြို့မရဲစခန်း၌ (ပ) ၁၃၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၃/ခ)ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း(၅၄)နှစ်သည် ၎င်းအသုံးပြုသည့် “ Cho Cho Win” Facebook account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရေးသားဖြန့်ဝေခဲ့သဖြင့် ချိုချိုဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်း၌ (ပ)၃၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သောင်းနှင့် အဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်ရေး မဲစာရင်းများကို ကြေညာထားရှိကြောင်း ရပ်ကွက်အတွင်း လှည့်လည်အသိပေး နှိုးဆော်နေစဉ် အဆိုပါရပ်ကွက်နေ နေမျိုးအောင်(၄၉)နှစ်မှ နှောင့်ယှက်ဟန့်တားကာ ဆဲဆိုခဲ့သဖြင့် နေမျိုးအောင်အားနိုဝင်ဘာ ၂၂ ရက်တွင် လှော်ကားနယ်မြေရဲစခန်း၌ (ပ)၂၇၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသ္သာမြို့သစ် (၈) ရပ်ကွက် ကျိုက်ပွန်စေတီတော်မုခ်ဦးအနီး ပဲခူး - ရန်ကုန် ကားလမ်းမကြီးဘေး၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို အမျိုးသားနှစ်ဦးက တွန်းလှဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဖျက်ဆီးသွားသူများဖြစ်ကြသည့် ဥသ္သာမြို့သစ် (၇) ရပ်ကွက်နေသူများဖြစ်သော ဦးပြား(၄၆)နှစ်နှင့် ဦးကျော်ငွေဇင်(၃၈)နှစ်တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ (ပ)၁၉၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ် - မြိတ်ကားလမ်းပေါ်၌ ကျော်ကျော်(ခ)ညီညီ(၃၁)နှစ် ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက် သမားများက “ရွေးကောက်ပွဲကို ဆန့်ကျင်ကြ” ဆိုသည့် စာသားများရေးသားခဲ့သဖြင့် ကျော်ကျော်(ခ)ညီညီ ဦးဆောင်သည့် အကြမ်းဖက် သမားများအား နိုဝင်ဘာ ၁၈ ရက်တွင် သရက်ချောင်းမြို့မရဲစခန်း၌ (ပ)၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) / ၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဦးဇော်ဝေ(၅၀)နှစ်သည် ၎င်းအသုံးပြုသည့် Zaw Wai Facebook Account ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများ အသုံးပြုကာ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူ အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက် စာမျက်နှာပေါ်၌ မဟုတ်မမှန် ရေးသားလွှင့်တင်ခဲ့သဖြင့် ဇော်ဝေအား နိုဝင်ဘာ ၁၇ ရက်တွင် တွံတေးမြို့မရဲစခန်း၌ (ပ)၂၀၈/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ မဲတောကျေးရွာ၊ အုတ်ဖိုမော်ကျေးရွာ၊ စန္ဒားငယ်ကျေးရွာ၊ ချောင်းကြီးဝကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များထံသို့ သိန်းဇော်မင်း (၅၀)နှစ်ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက် ရေးသားထားသည့် ခြိမ်းခြောက်စာများပေးပို့ခဲ့သဖြင့် သိန်းဇော်မင်းပါ PDF အမည်ခံ အကြမ်းဖက်သမား ၅၀ အား နိုဝင်ဘာ ၁၉ ရက်တွင် ကံမော်နယ်မြေရဲစခန်း၌ (ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)/၂၄(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်မေတ္တာလမ်းနှင့် လှိုင်ဘူတာရုံလမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ရှေ့ဆောင်ပါတီ “PPP” ပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား နိုဝင်ဘာ ၁၇ ရက်တွင် လှိုင်မြို့မရဲစခန်း၌ (ပ)၂၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ် (၃) ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင် ဒေါ်ခက်ခက်ကို (၅၃)နှစ်သည် မြဝတီမြို့အတွင်း စိုက်ထူထားသည့် ပါတီအောင်နိုင်ရေး မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်များကို လိုက်လံကြည့်ရှုခဲ့ရာ အမှတ်(၄) ရပ်ကွက် မိဋ္ဌာန်အောင်ဘုရားပတ်လမ်းနှင့် တောင်တန်းလမ်းထောင့်၌ စိုက်ထူထားသည့် မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်မှာ ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင် မြဝတီမြို့မရဲစခန်း၌ (ပ)၂၆၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ၇၆ လမ်း ၁ လမ်းနှင့် ၂ လမ်းကြား၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးထားသည်ကိုတွေ့ရှိရသဖြင့် ဆုတ်ဖြဲဖျက်ဆီးသူ (စုံစမ်းဆဲ) အား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ (ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက် ဝေဟင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် မီးရှို့ဖျက်ဆီးသူ (စိစစ်ဆဲ)အား ဝေဘာဂီနယ်မြေရဲစခန်း (ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဘုတ်ခြံကျေးရွာ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်ကို ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား နိုဝင်ဘာ ၂၁ ရက်တွင် ပုလောမြို့မရဲစခန်း၌ (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြုံးချောင်းကျေးရွာဘုရားဝင်းအတွင်းရှိ သစ်ပင်များ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် လှုံ့ဆော်စာများကပ်ထားသည်ကို တွေ့ရှိရသဖြင့် လှုံ့ဆော်စာများကပ်ခဲ့သူ (စိစစ်ဆဲ)အား တောင်ငူမြို့နယ် အမှတ် (၃)နယ်မြေ ရဲစခန်း၌ (ပ)၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)/၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က) ရပ်ကွက်နေ ဇေယျာမင်းထက်သည် ၎င်းအသုံးပြုသည့် Zay Yar Min Htet Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် စာများကို ထပ်ဆင့် လွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ဇေယျာမင်းထက်အား သုဝဏ္ဏနယ်မြေရဲစခန်း၌ (ပ)၂၂၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၃ ရက်တွင် “လူထုသတင်းစာတိုက်” Facebook Account က ပြင်ဦးလွင်မြို့နယ်၌ ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးဟောပြောနေသည့် မှတ်တမ်းဓာတ်ပုံများ အသုံးပြု၍ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသည့် စာသားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားဖြန့်ဝေခဲ့သဖြင့် “လူထုသတင်းစာတိုက်” Facebook Account ပိုင်ရှင် (စိစစ်ဆဲ) အား ပြင်ဦးလွင်မြို့မရဲစခန်း၌ (ပ)၂၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

**✱ ကျောဖုံးမှ**

**အဆင့်(၁၀)နေရာမှာ ရပ်တည်**

အဲဗာတန်အသင်းအနေနဲ့ မန်ယူအသင်းရဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အနိုင်ရရှိခဲ့ခြင်းဟာ ၁၉၉၂ ခုနှစ် နောက်ပိုင်း ဒုတိယအကြိမ်မြောက် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အဲဗာတန်အသင်းဟာ အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး လီဗာပူးအသင်းအထက်မှာ ရပ်တည်နိုင်ခြင်းဟာ ၂၀၁၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် အဲဗာတန်အသင်းရဲ့အထက် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲဒသမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၄၀၁)မှ (၅၀၈၅) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀ နှင့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၁၂ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



## တံတားဦးမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

**တံတားဦး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက တံတားဦးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စု ရှိသည့်အနက် ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ တွင် ဖွင့်လှစ်မည့် မဲရုံပေါင်း ၄၀ တွင် မဲဆန္ဒရှင်ပြည်သူပေါင်း ၃၇၆၄၁ ဦးရှိကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအနေဖြင့် မဲပေးစက်အသုံးပြုရာတွင် လိုအပ်မည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကိုသိရှိပြီး မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သန်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပထမနှစ် ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၂၀၂၅ – ၂၀၂၆ပညာသင်နှစ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် နည်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာကြည်စိုးက ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရကျောင်းသား ကျောင်းသူများအား ကြိုဆိုကြောင်း၊ နိုင်ငံတကာအဆင့်မီနိုင်အောင် ကြိုးစားစေလိုကြောင်း၊ ကျောင်း၏စည်းကမ်းများကို လိုက်နာကြပြီး တစ်ဦးနှင့်တစ်ဦးမောင်နှမရင်းချာကဲ့သို့ ရိုင်းပင်းကူညီ ချစ်ချစ်ခင်ခင် နေထိုင်သင်ကြားစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်လှလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက် မုဒိတာစကားပြောကြားသည်။

ထို့နောက် သင်တန်းရေးရာဌာနမှ ဆရာဦးကျော်ဝင်းလွင်က သင်တန်းရေးရာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ယမန်နေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦး၊ ဦးသက်ဇော် ညွှန်ကြားရေးမှူး(မြို့ပြ) ရန်ကုန်တိုင်းဒေသကြီးနှင့် တာဝန်ရှိသူများ၊ အရည်အသွေးစစ်ဆေးအဖွဲ့တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေ ( ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်သည့် ပျဉ်းမကန်ကြီး-ပျဉ်းမကန်လေး ကျေးရွာချင်းဆက်လမ်း ပေ ၂၅၀၀ အားမြေသားလမ်း ခင်းခြင်းနှင့် ကုမ္ပဏီမှဆောင်ရွက်သည့် မြကိုင်း – ရှမ်းချောင်းလမ်း ဂဝံခင်းခြင်း၊ နရွဲချောင်-ခနောင်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## တန့်ယန်းမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်စေရေး အစည်းအဝေးကျင်းပ



**တန့်ယန်း နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားပြီးဖြစ်ရာ ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကြေညာ

**ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရေး မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ ထုတ်ပြန် ကြေညာထားသည်။

အဆိုပါ ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများတွင် ရပ်ကွက်၊ ကျေးရွာများရှိ အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၁၁ ခုမှ မဲဆန္ဒရှင်ပြည်သူ ၅၉၁၃၁ ဦး ပါဝင်ပြီး အဆိုပါ မဲစာရင်းများ



ကပ်ထားကြေညာမှုကို ကြာအင်းဆိပ်ကြီး ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘားအံမြို့ရှောင်လမ်း နှစ်စဉ်ရေကျော်သောအပိုင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်



ဘားအံ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် ဘားအံမြို့သည် မိုးများသည့်ဒေသဖြစ်ပြီး နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပွားလေ့ရှိရာ မြို့ရှောင်လမ်း၏ ရေကျော်သောအပိုင်းအား ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၉၆၃ ဒသမ ၆၀၀ သန်းဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပွားရာတွင် ဘားအံမြို့ရှောင်လမ်း ၆ ဒသမ ၄ ကီလိုမီတာအနက် ရေကျော်သောအပိုင်း စုစုပေါင်း ၁ ဒသမ ၈၈ ကီလိုမီတာကို ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်း၊ ကွန်ကရစ်လမ်းချဲ့ခြင်း၊ Guard Post တိုင်စိုက်ထူခြင်း အစရှိသည့် လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ရှောင်လမ်းမကြီးဘေး နောင်ခရိုင်ကျေးရွာ ကွင်းအမှတ်(၁၁၈၇) ကမော့ကစင်အနောက်ကွင်းရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေး စံပြစိုက်ခင်း ၁၅ ဧကရှိ တောင်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တစ်ဧကအထွက်နှုန်းတိုးတက် ရရှိရေး၊ ဈေးကွက်ရရှိရေးနှင့် တောင်သူအကျိုးစီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေး စံပြစိုက်ခင်း ၁၅ ဧကအတွင်း တောင်သူများက ယူရီးယား၊ ပိုတက်နှင့် သဘာဝမြေဩဇာများ အချိုးကျရောစပ်ကြဲပက်ခြင်းကိုလည်းကောင်း၊ ရဲသာ (ကမော့ကစင်)ကျေးရွာအုပ်စု ရဲသာကွင်းရှိ မိုးစပါးအထွက်နှုန်း တိုးတက်ရေးနည်းပညာပေး စံပြစိုက်ခင်း ၁၅ ဧကကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်နယ်၏ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ ကော့မရမ်းတောင်ခြေတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ကိုယ်တိုင်ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်မည့် စိုက်ပျိုးရေးကိုအခြေခံသော ခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော Kawt Ma Yan Resort Co.,Ltd.၏ Kawt Ma Yan Resort တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ Kawt Ma Yan Resort ကို ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၅ ဒသမ ၉ ဘီလီယံဖြင့် မြေဧရိယာ ၃ ဒသမ ၃၀ ဧကပေါ်တွင် ၂ ဒသမ ၃၀ ဧကအနက်သုည ဒသမ ၉၀ ဧကကိုသာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး Resort တွင် အိပ်ခန်းပေါင်း ၃၀၊ သဘာဝရေကူးကန်နှင့် နွေမိုးဆောင်း စိုက်ပျိုးရိတ်သိမ်းအပန်းဖြေနိုင်မည့် စိုက်ခင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## အလုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လွတ်လပ်ရေးရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ် (ကြည့်မြင်တိုင်ဘဏ်ခွဲ)သို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါဆောင်ရွက်ပေးခြင်းကို အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသဇင်ခိုင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် လွတ်လပ်ရေးရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ် (ကြည့်မြင်တိုင်ဘဏ်ခွဲ) သို့ သွားရောက်၍ ရွှေ့လျားဆေးခန်းဖွင့်လှစ်ကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ စစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ကုသပေးရာတွင် အငြိမ်းစားဝန်ထမ်း ၄၄၈ ဦးအား ဆေးကုသမှုပေးခြင်းနှင့် ဘဏ်ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်း ၁၁၄၆ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး Pfizer(Comirnaty JN.1) ထိုးနှံပေးခဲ့ပြီး ဘဏ်ဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ကျောက်တံခါးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ကျောက်တံခါး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက မြို့ချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပြုလုပ်သည်။



ဟောပြောပွဲတွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မွန်းကိုက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဗလာစာအုပ်၊ ဘောပင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



မှော်ဘီ နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် သမဝါယမအသင်းစုလီမိတက်(၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် မှော်ဘီမြို့နယ်သမဝါယမအသင်းစုသဘာပတိ ဦးထွန်းမြင့်တို့က အမှာစကားပြောကြားကာ ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများကို ဦးဌေးဝင်းက ဖတ်ကြားခြင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာကို ဦးကျော်ရွှေက ဖတ်ကြားခြင်း၊ အသင်းဝင်ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းခြင်းနှင့် ဆွေးနွေးမေးမြန်းချက်များအပေါ် ဒါရိုက်တာအဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ကျောက်ပန်းတောင်းမြို့နယ်၌ အကြော်ဖိုများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မီးဖိုမီးအသုံးပြုဆောင်ရွက်လျက်ရှိသည့် အကြော်ဖိုလုပ်ငန်းများဖြစ်သည့် ပဲကြော်ဖိုများနှင့် အာလူးကြော်ဖိုများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါလုပ်ငန်းလုပ်ကိုင်သည့် ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိန်းထွန်း ဦးဆောင်သည့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တပ်ဖွဲ့ဝင်များက ပဲကြော်ဖိုနှင့် အာလူးကြော်ဖိုလုပ်ငန်းရှင်များ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းခွင်အတွင်း မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပညာပေးကြပြီး မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်နည်းနှင့် ဆီမီးလောင်မှု ငြိမ်းသတ်နည်းများကို လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့်ပူးပေါင်းကာ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**နေအောင်(ပြန်/ဆက်)**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး







နေပြည်တော် နိုဝင်ဘာ ၂၅

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကနစိုးကုန်း ကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ ဗြဟ္မဝိဟာရ ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၃၉၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ကုသပေးရာတွင် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်-

ရောဂါကတော့ အထွေထွေလာပြတာပါ။ ဒေသခံတွေအနေနဲ့ တချို့ သက်ကြီးရွယ်အိုတွေကျတော့ ဝေးဝေးလံလံမြို့ကို မသွားနိုင်တာမျိုးတွေ ရှိတယ်။ တချို့ကျတော့လည်း ဆေးကုသရေးမှာ နည်းနည်းအခက်အခဲတွေရှိကြတယ်။ ဒီလိုနီးနီးနားနား လာကုပေးတော့ ပိုအဆင်ပြေတာပေါ့။ ဒီမှာကတော့ ရာသီတုပ်ကွေး အဲဒါမျိုးတွေ အဖြစ်များတာတော့ရှိတယ်။ သူတို့ကိုလည်း ကျေးဇူးတင်တယ်။ နောက်ကိုလည်း ဒီလိုလာရောက်ပြီးတော့ ဆေးကုသပေးဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

ဒီတောင်ကလေးကျေးရွာကပဲ ဆေးကုသမှုလာရောက်ခံယူတာပါ။ ခေါင်းတွေ ရိပ်ခနဲ ရိပ်ခနဲ မူးနေလို့ အဲဒါလာပြတာ။ သွေးနည်းနည်း တိုးနေတယ်တဲ့၊ စိုးရိမ်စိတ်များ လို့ပေါ့။ ဒီမှာ သွေးညှိဆေးတို့၊ သွေးပေါင်ကျဆေးတို့ ပေးလိုက်တယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ မသွားနိုင်တဲ့သူတွေလည်း ဒီမှာလာပြလို့ရတယ်လေ။ လာပြီးတော့ ဆေးကုသပေးတာရော အကုန်လုံးအတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်တို့ အတွင်းရှိကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၀၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၅၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၃၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့ပြင် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဘဝတစ်သက်တာ ကျန်းမာရေး ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေး ပညာပေး ဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ယင်းအပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။





ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

နှာခေါင်းတွေ နံလာပြီဆိုလို့ရှိရင် နေပူထဲထွက်လို့မရဘူး။ နေပူထဲထွက်တာနဲ့ အဲဒီလိုအနံ့တွေ ထွက်လာရော၊ နှာရည်တွေလည်း ယိုလာတယ်။ နှာခေါင်းထဲ ထည့်တဲ့ဆေးပေးတယ်။ သောက်ဆေးပေးတယ်။ ကောင်းသွားတယ်။ ငါးရက်စာပေးရင် သုံးရက်လောက်နဲ့ပဲ ကောင်းသွားတယ်။ သံလွင်သင်္ဘောလာတယ်ဆိုတော့ အားကိုးတာပေါ့။ ကောင်းမှန်းသိလို့ လာတာပါ။

လည်ပင်း တစ်ဆို့ဆို့ဖြစ်တာ သုံးလေးရက်လောက် တစ်ခါဖြစ်တယ်။ နောက် ပြန်ပျောက်သွားလိုက် ဖြစ်လိုက်အဲဒီလိုဖြစ်တယ်။ ဆရာဝန်က ဆေးပေးလိုက်တယ်။ တစ်နေ့တစ်ခါ အချိန်မှန်သောက်ရမယ်တဲ့၊ အဲဒါဆို ကောင်းသွားမယ်။ အားလုံး အဆင်ပြေပါတယ်။ မိသားစုပုံစံမျိုးလည်း ဆက်ဆံတယ်။ လူအများအတွက်ကို လာပြီး အကျိုးဆောင်ပေးတဲ့ အတွက် အထူးဝမ်းသာတယ်။ လှိုက်လှိုက်လှဲလှဲလည်း ဖိတ်ခေါ်ပါတယ်။

သတင်းစဉ်

# ကြို့ပင်ကောက်မြို့၌ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ကြို့ပင်ကောက် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မေခလာ ငွေစုငွေချေး ပညာရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကျင်းပပြုလုပ်သည့် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မေခလာငွေစုငွေချေးပညာရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးမင်းဇော်က အသင်းဆိုင်ရာကိစ္စရပ်များပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးသန်းငွေက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မေခလာ ငွေစုငွေချေး ပညာရေးသမဝါယမအသင်းမှ အသင်းသား ၃၄၅ ဦး၏ စုဆောင်းငွေအပေါ်ရရှိမည့် အတိုးနှင့်အစုပေါ် အမြတ်တို့ကို အသင်းသားများအား စနစ်တကျခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၄၆၉)(ခ)အကျယ်အဝန်း ၂၀ ပေ x ၆၀ ပေရှိ မြေကွက်အပါအဝင် တစ်ထပ်တိုက်နှင့် ရေတွင်းမီတာ အကျိုးခံစားခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးငြိမ်းချမ်းအောင် [၉/သလရ(နိုင်)၀၀၀၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရှိုင်းဇာအောင် [၉/မခန(နိုင်)၁၉၆၄၈၀]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်သူရှိပါက (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဖြိုးဝေကြိုင်(LL.B,D.B.L,D.M.L,D.I.L)** | **ဒေါ်သီတာကြိုင် (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်–၁၀၁၇၈)** | **(စဥ်–၁၂၇၆၂)** |
| **ဖုန်း–၀၉–၂၆၀၀၁၀၇၅၅** | **ဖုန်း–၀၉–၇၉၇၅၄၉၄၁၂** |

**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၅၃)၊ အမှတ်(၂၆)၊ စိန်ပန်းမြိုင်လမ်း၊ (၁၈/A)ရပ်ကွက်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးထွန်းကြည်**(CE–၀၄၅၀၉၇)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၃ပေx၆၀ပေ)ရှိ ခြေရင်းဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ငြိမ်းငြိမ်းအေး**[၁၂/ဥကတ(နိုင်)၀၁၀၅၀၈]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ရွှေဝတ်မှုံဦး**[၁၂/သဃက(နိုင်)၁၈၁၂၂၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဝတ်မှုံဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဥ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈၊ ၀၉–၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၇၂)၊ ဆည်တော်လမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ **ဦးဌေးဝင်း**[၇/ရတန(နိုင်)၀၂၆၂၀၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ မြေကွက်အမှတ်(၈၇၁)နှင့် ကပ်လျက်ဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးသူထိုက်**[၁၂/သဃက(နိုင်)၀၀၀၇၉၂]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးရည်မွန်သူ** [၆/မမန(နိုင်)၁၄၄၆၀၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရည်မွန်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဥ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈၊ ၀၉–၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ ဥယျာဉ်(၄)လမ်း၊ မြေကွက်အမှတ် (၁၈၂)၊ မြေအကျယ် အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမြင့်ကြည် အမည်ပေါက်ပါမစ် မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်အေးအေးမာ [၁၂/ဒဂတ (နိုင်) ၀၆၃၈၆၄] မှ မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့် ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သူသူဇင်** | **ဒေါ်ဖွန့်မေအေး (LL.B)** |
| **[၁၂/ကမတ(နိုင်)၀၆၄၈၄၆]** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၆၁၀)** |

**အမှတ်–၅၀၊ ပထမထပ်၊ အခန်း(စီ–၆)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၂၄၄၃၁၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်–(၁၀)၊ ဦးပိုင်အမှတ်–(၆၁)၊၅၈လမ်း၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးအချူ(ခ) စိုးမြင့်လေး [၉/မရမ(နိုင်)၀၉၁၅၂၂]က အမှုတွဲအမှတ် (၃၆၉၂/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရရှိငွေ (ငွေလုံးငွေရင်းအသုံးစရိတ်)ဖြင့် လွှတ်တော်ဝင်းအတွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(Lot 1) ပြည်သူ့လွှတ်တော် E-Mail System အတွက် Fortigate, FortiADC နှင့် FortiMail မွမ်းမံတပ်ဆင်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် | –(၂၆–၁၁–၂၀၂၅)ရက်နေ့မှ(၈–၁၂–၂၀၂၅)ရက်နေ့ထိ (၉:၃၀) နာရီ မှ (၁၆:၀၀) နာရီထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | – (၉–၁၂–၂၀၂၅)ရက်နေ့၊ အင်္ဂါနေ့ (၁၄:၀၀) နာရီထိ (ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါဖွင့်မည့်ရက်/နေရာ/အချိန် | – ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။ |

၅။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း (ICT–2)ရှိ သက်ဆိုင်ရာဌာနခွဲတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်–

လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
ဖုန်း –၀၉–၄၅၃၃၃၉၇၀၅ (လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)

**တင်ဒါကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ် (၈–ဘီ) ဟု ခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂–ဂျီ)၊ မြေကွက်အမှတ် (၄၃၈–P–၁/၁၇ A–၁) + လမ်း၊ (၀.၆၅၅) ဧကရှိ မြေပိုင်မြေကွက်ကြီးအနက်မှ လမ်းမြေ (၀.၂၆၂) ဧကသည် အများပြည်သူသုံးလမ်းမြေတွင် ပါဝင်သွားပြီဖြစ်သဖြင့် ကျန်ရှိသော (၀.၃၉၃) ဧကရှိ မြေပိုင်မြေကွက်အတွက် မြေအမည်ပေါက် ဦးမြင့်ဦး [၁၂/ဗတထ (နိုင်)၀၂၈၆၈၁] က မိမိနှင့်သက်ဆိုင်သမျှသော တာဝန်ယူရန်ကိစ္စအဝဝကို မပျက်မကွက်ထမ်းဆောင် ဖြေရှင်းကာ ယင်းကျန်ရှိသောမြေကွက်အား ဝယ်သူထံ ဥပဒေနှင့်အညီ လွှဲပြောင်းလက်ရောက်ပေးအပ်၍ တရားဝင်မှတ်ပုံတင်စာချုပ် ပေးနိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေနှင့်တကွ သတ်မှတ်ငွေများကိုလည်း ရုံးမဘဏ်သို့ ပေးသွင်းနေဆဲဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ ရုံးမဘဏ်မှအပ (၁၄)ရက်အတွင်း မူရင်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလီမွှော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၆၉၂၂၉၉၅၆၃၊ ၀၉–၄၂၈၆၃၀၇၀၄**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း
## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစောဟန်လင်းအောင် [၁၄/မအန(နိုင်)၁၄၁၀၅၂] (ဘ) ဦးအဂျိမ်းနှင့် ဒေါ်မေလီလွင် [၁/မညန(နိုင်)၁၃၂၉၂၉]၊ (ဘ) ဦးအိုက်မောင်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် (၂၀၁၂)ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၁၀–၁၁–၂၀၂၅)ရက်နေ့တွင် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒဖြင့် နှစ်ဦးသဘောတူ ကွာရှင်းကတိစာချုပ်၊ ကလေးအုပ်ထိန်းခွင့်နှင့် ပစ္စည်းခွဲဝေခြင်း၊ ဝန်ခံကတိစာချုပ်တို့ကို လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါကြောင်း၊ နောက်နောင်တွင်လည်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစောဟန်လင်းအောင်** | **ဒေါ်ဇင်ဝေထွန်း (LL.B)** |
| **ဒေါ်မေလီလွင်** | **အထက်တန်းရှေ့နေ (စဥ်–၃၅၈၉၄)** |
| | **တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊** |
| | **(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း – ၀၉–၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈** |

## "အများသိစေရန် သတိပေးကြေညာချက်"

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းရီ [၁၂/ဒဂတ(နိုင်)၁၀၄၃၅၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ကျွန်တော်၏မိတ်ဆွေသည် (GELC)Genesis Education And Language Center (Myanmar)သင်တန်းကျောင်းနှင့် "Youth on the Move Travel Agency and Planner လုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် ဦးစီးလုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ကျွန်တော်၏မိတ်ဆွေ ဂုဏ်သတင်းကို ထိခိုက်စေသည့်အရေးအသားများကို လူမှုကွန်ရက်မှတစ်ဆင့် ရေးသားပြောဆိုနေမှုများကို တွေ့ရှိနေရပါသည်။ သို့ဖြစ်ပါ၍ မည်သူမဆို Facebook,TikTok, Telegram စသည့်လူမှုကွန်ရက်များမှတစ်ဆင့်လည်းကောင်း၊ ကျွန်တော့်မိတ်ဆွေ၏ ရင်းနှီးသူ အသိုင်းအဝိုင်းကြားတွင်လည်းကောင်း ကျွန်တော်၏မိတ်ဆွေဂုဏ်သိက္ခာကို ထိခိုက်စေသော ရေးသားပြောဆိုမှု များကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ကျူးလွန်ပါက ပြုလုပ်ကျူးလွန်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းရီ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ဘွား(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၈၁၃၀/၂၀၁၂)**
**အမှတ်–၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၈၅၅၂၂၀၄၊ ၀၉– ၈၉၂၇၅၅၀၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၊ မြေကွက်အမှတ်–၅၄၊ ဧရိယာ (၃၉' x ၆၀')၊ မြေကွက်တည်နေရာအမှတ်–၅၄၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်အုန်းသန်း (ISN–499740) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းသန်း (ISN–499740) [၁၂/လသယ(နိုင်)၀၀၅၃၀၀]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက် ဂရန်မူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အခြားသူတစ်ပါးတို့ထံတွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် အာမခံတင်သွင်းခြင်း၊ တရားတစ်ထုံးစွဲဆိုထားခြင်းတို့ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၂)လမ်း၊ အမှတ်(၆၄၅)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ(ဂရန်မူရင်း)မြေနှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဘုန်းမြင့်(CA–၀၁၁၁၇၅)အမည်ဖြင့်မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဦးသက်ဌေးဦး [၁၂/သဃက(နိုင်)၀၁၅၄၅၂] မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်း ချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသီနန်း[၁၂/ဥကမ(နိုင်)၂၂၈၇၅၆] တို့မှ အပြီးအပိုင်ဝယ်ယူရန်စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၄၈၂၄)(၉–၂–၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၄)လမ်း၊ အမှတ် (၃၉၅) စတုတ္ထထပ် (၅ – လွှာ)၊ (၁၉ပေ x ၅၄ပေ) အကျယ်ရှိ တိုက်ခန်း ဥပစာနှင့်တကွ သွယ်တန်း တပ်ဆင်ထားသော လျှပ်စစ်မီး+ရေအပါအဝင် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးကို တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးသူရဟန် [၁၂/ဗဟန(နိုင်) ၀၉၁၅၀၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးသက်ဆွေဦး [၉ /ခအဇ(နိုင်)၀၂၂ ၁၄၄]၊ ဒေါ်သူဇာလွင် [၁၂/ဥကတ(နိုင်) ၁၇၃၆၀၄] တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်ဝက်တိတိကို ပေးချေခဲ့ပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းထက် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၁၈၈၅)**
**တိုက် – (၁၀ /၁၂)၊ အခန်း – (၁၀၄/F)၊ ပထမထပ်၊ ၃၅–လမ်းတို၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ် (၆၄၄/ခ)၊ (၂)ခန်းတွဲ (၅)ထပ် အဆောက်အဦရှိ ၅–လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်မည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင် ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအေးမြင့် [၁၂/အစန(နိုင်)၀၃၈၄၉၉] ကိုင်ဆောင်သူက မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသော စာချုပ်အရ အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းမိုး[၁၂/လမန(နိုင်)၁၄၁၄၂၉]က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မောင်မောင် အထက်တန်းရှေ့နေ (စဥ် – ၄၅၁၂၇/၂၈–၁၁– ၂၀၁၄)**
**အမှတ်(၆၅၇)၊ အင်းဝ(၁၉–က)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၉၇၁၇၈၈၈၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ ဟံ လင်းလမ်း၊ မြေကွက်အမှတ် (၄၈၁)၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှအရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ဖြူထင်ကျော် [၁၄/ဘကလ(နိုင်)၂၃၄၇၄၄] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဝေ (ခ) ကျန်ရွှေရင် [ ၁၃/ လရန (နိုင်) ၁၃၅၉၀၆ ] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ ဟံလင်းလမ်း၊ မြေကွက်အမှတ် (၄၈၂)၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ဖြူ ထင်ကျော် [၁၄/ဘကလ(နိုင်)၂၃၄၇၄၄] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဝေ (ခ) ကျန်ရွှေရင် [၁၃/လရန(နိုင်)၁၃၅၉၀၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤ ကြော်ငြာပါပြီး (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/U–10)၊ အောင်တံခွန်လမ်း၊ မြေကွက်အမှတ် (၃၂၃)၊ အကျယ်အဝန်း (၆၃ x ၈၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှအရောင်းအဝယ်ဆက်စပ်စာချုပ် များဖြင့်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးချေမ်းပိုင် [၈/မကန(နိုင်)၁၈၃၈၀၃]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခရော့စ်လျန် [၅/ ကလထ(နိုင်) ၃၁၄၉၁၉] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများ ဖြင့် ဤကြော်ငြာပါပြီး (၇) ရက် အတွင်းကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ပြင်ဦးလွင်လမ်း၊ မြေကွက်အမှတ်(၄၈၀/က)ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇင်မေသန့်[၁၂/မရက(နိုင်)၁၅၅၄၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်စန္ဒီဦး (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph:09-43093746**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၁)လမ်း၊ အမှတ်(၃၂၂)(ညာဘက်ခြမ်း) B(5)ဒါဘာခန်းအား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သက်သက်ချို (၁၂/သကတ(နိုင်) ၀၀၂၅၃၁) ကိုင်ဆောင်သူထံမှ ဝယ်ယူသူဦးသောင်းဦး (၈/နမန(နိုင်) ၀၉၆၀၄၅) က အပြီးအပြတ်ဝယ်ယူရန် အတွက် စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်း၊ အထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဝင်းသီတာမော်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၇၀၁၂)
ဖုန်း - ၀၉၂၅၃၉၉၅၄၄၈၊ ၀၉၇၅၁၄၈၀၈၆၈

## အကြင်လင်မယားအဖြစ်မှနှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

**ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထက်ကိုကိုနိုင်(ဘ)ဦးဝင်းနိုင်[၁၄/အဂပ(နိုင်)၂၂၇၄၂၃]နှင့် ဒေါ်ခိုင်သဇ္ဇာဦး(ဘ)ဦးသိန်းဆွေ [၇/ပတတ (နိုင်)၁၅၄၉၀၈]** ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတို့သည်(၁၄-၂-၂၀၂၄)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး**(၂၅-၁၁-၂၀၂၅)**ရက်နေ့တွင် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးများရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ တရားဝင် ကွာရှင်းပြတ်စဲသည့်နေ့မှစ၍ **ဦးထက်ကိုကိုနိုင်**နှင့် **ဒေါ်ခိုင်သဇ္ဇာဦး**တို့သည် **အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပစ္စည်းခန်း**စသည်တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၈၈၀၂၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၂၂၅)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်း ခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၈၅/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက် ရပ်ကွက်၊ အကွက်အမှတ်(၆၆၄-က)၊ ဦးပိုင်အမှတ်(၁၁-က)/ ၇၈x၇၉ကြား၊ ၄၁ x ၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မောင်အေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၆/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မင်းထွန်း[၉/မရတ(နိုင်)၁၁၀၉၃၇] က အမှုတွဲအမှတ်(၃၆၉၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၃)၊ ဦးပိုင်အမှတ်(၁၃၂-က)၊ ၃၃x၃၄ကြား၊ ၆၃ x ၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာခင်အေးမိ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၀၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်း[၉/မရမ(နိုင်)၀၃၀၅၄၄]၊ ဒေါ်ရွှေခင်(ခ) ဌေးဌေးကြည်[၉/မရမ(နိုင်)၀၉၀၈၅၅]တို့က အမှုတွဲအမှတ် (၃၆၅၉/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၁၅၂၁)၊ ရိုးရာလမ်း၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ **ဦးလှထွန်း**(ef/၀၁၃၇၈၁)[၁၂/သကတ(နိုင်)၀၆၅၆၈၅]အမည်ပေါက် ပါမစ်မြေကွက်ထဲမှ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်အမှတ်(၁၅၂၂)နှင့် ကပ်လျက်ဘက်ခြမ်း)ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဦးကျော်ဖြိုးကို**[၁၂/ဒဂမ(နိုင်)၀၀၂၅၇၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးစိုးမင်းနိုင်**[၁၁/အမန(နိုင်)၀၅၂၅၉၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၀)၊ အောင်ဇေယျလမ်း၊ အကျယ်အဝန်း (၄၁ပေx ၆၀ပေ)၊ (၂၄၆၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးတင်ကိုကိုလတ်**[၁၂/ဥကတ(နိုင်)၂၁၄၇၃၆]အမည်ပေါက် တည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်ခင်အေး**[၁၂/သဃက(နိုင်)၈၄၉၉၂၅]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၇/ ၄)၊ မြေကွက်အမှတ်(၁၃၉)၊ ဗဟိုလမ်း၊ အကျယ်အဝန်း (အလျား ၉၃'xအနံ ၁၀၀')၊ (၉၃၀၀) စတုရန်းပေ၊ ဧရိယာ(၀.၂၁၃) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၄၆½'x၁၀၀') ခန့်ရှိ (မြေကွက်နှင့်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)(မြေကွက်အမှတ်-၁၄၀)နှင့် ကပ်လျက်)နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ၃ထပ်ခွဲတိုက် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **(၁)ဒေါ်နီနီထွေး**[၁၂/မဂတ(နိုင်) ၀၃၁၄၄၅] နှင့် **(၂)ဦးမောင်အေး** [၁၂/မဂတ(နိုင်)၀၃၁၄၄၄]တို့(၂)ဦးပူးတွဲအမည်ပေါက် တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်အိမြတ်မွန်**[၁၂/ဒဂမ(နိုင်)၀၁၂၈၉၂]မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ) ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမြတ်မွန်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်(၈၉-က)၊ ၂၃x၂၄ကြား၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းနိုင်ဦး[၉/မရတ(နိုင်)၀၆၂၆၂၀]က အမှုတွဲအမှတ် (၃၆၈၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၈လမ်း၊ ၄၁ x ၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းနိုင် [၅/စကန(နိုင်)၀၄၈၈၃၀]က အမှုတွဲအမှတ်(၃၆၆၀/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရန်ကုန်ဂေါက်သီးရိုက်အသင်း (တည်းကုန်း)
# အသင်းသားများသို့ အသိပေးနှိုးဆော်ခြင်း

ရန်ကုန်ဂေါက်သီးရိုက်အသင်း၏ သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများအရ လစဉ်ကြေး/ နှစ်စဉ်ကြေးများကို (၃)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန်ပျက်ကွက်ပါက အဆိုပါ အသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါ၍ မိမိတို့ ပေးသွင်းရန် ကျန်ရှိနေသည့် လစဉ်ကြေး/ နှစ်စဉ်ကြေးများကို (၃၁-၁၂-၂၀၂၅)နေ့ မတိုင်မီ မပျက်မကွက်ပေးသွင်းကြပါရန် မေတ္တာရပ်ခံ အသိပေးနှိုးဆော်အပ်ပါသည်။

အောက်ဖော်ပြပါ Bank Account များတွင်လည်း ငွေသွင်းနိုင်ပါသည်-

**CB Bank**

| **Call Deposit Account** | **Regular Saving Account** |
|---|---|
| Account Name – Yangon Golf Club | Account Name – Yanong Golf Club |
| Account Number–0086100900023612 | Account Number–0086600300005808 |

**AYA Bank**

| **New Business Call Deposit Account** | **Regular Saving Account** |
|---|---|
| Account Name – Yangon Golf Club | Account Name–Yangon Golf Club |
| Account Number–40029801228 | Account Number–20028886840 |

**(ဆက်သွယ်ရန်ဖုန်း – ၀၉ ၈၈၂၅၆၁၅၀၀၊ ၈၈၂၅၆၁၅၀၁၊ ၀၉ ၄၄၀၃၅၂၄၂၉)**
**ရန်ကုန်ဂေါက်သီးရိုက်အသင်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်ကြင်းလမ်း၊ တိုက်အမှတ် (၁)၊ ၄ လွှာ (ဘီ)တွင်ရှိ Tenoit Southeast Company Limited ကုမ္ပဏီကို (၁) ဒေါ်ပောမာနှင်းရည်၊ (၂) ဦးစောကျော်ထူး၊ (၃) MR. CHOU HUNG တို့ဖြင့် အချိုးကျထည့်ဝင်ကာ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုရုံးတော်တွင် (၁) ဒေါ်ပောမာနှင်းရည်၊ (၂) ဦးစောကျော်ထူး တို့မှ Tenoit Southeast Company Limited ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်ထားခဲ့ကြပါသည်။

ယင်းနောက် ထိုင်ဝမ်မှ တင်သွင်းလာသည့် ကော်ဇော့များကို လက်လီ၊ လက်ကား စနစ်များဖြင့် အရောင်းဝန်ထမ်းများက ရောင်းချခဲ့ပါသည်။

ဦးစောကျော်ထူးမှာ အသက်အရွယ်ကြီးရင့်လာခြင်းနှင့် ကျန်းမာရေးချို့တဲ့လာခြင်းတို့အရ ဆက်လက် လုပ်ကိုင်နိုင်စွမ်း မရှိတော့သည့်အတွက်ကြောင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်အရ အထက်ပါ ကုမ္ပဏီမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်ပါသည်။

ဦးစောကျော်ထူးမှာ (၃၁-၈-၂၀၂၅)ရက်နေ့က အထက်ပါကုမ္ပဏီမှ နုတ်ထွက်သွားခဲ့သော်လည်း နိုင်ငံတော်သို့ ပေးဆောင်ရမည့် အရောင်း/အဝယ်ခွန်၊ အမြတ်ခွန်တို့ကို ထမ်းဆောင်ထားခဲ့ပြီးဖြစ်ပါကြောင်း သက်ဆိုင်ရာဌာနများနှင့် ဒါရိုက်တာ အစည်းအဝေးတို့တွင် တင်ပြခဲ့ရာ တက်ရောက်ခဲ့သူများ အားလုံးက ကန့်ကွက်ရန်မရှိ သဘောတူညီကြပါကြောင်း အထောက်အထား အပြည့်အစုံလည်း ရှိထားပြီးဖြစ်ပါသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဦးစောကျော်ထူး၏ ညွှန်ကြားချက်နှင့်အညီ ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောကျော်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးအေးမြတ်** | **ဦးထွန်း (သန်လျင်)** |
| **LL.B, Wipo (Switzerland)** | **LL.B, C.B.L, Dip in Business Law** |
| **တရားလွှတ်တော်ရှေ့နေ** | **Dip in Maritime Law, Dip in International Law, Dip in Applied Psychology;** |
| **(စဉ်-၉၂၈၀/၂၄-၁၀-၂၀၁၃)** | **Wipo DL – 101 (Switzerland)** |
| **ဖုန်း - ၀၉ ၄၂၁၁၅၂၄၃၄** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၃) (၂၉-၁၀-၂၀၀၂)** |
| | **အမှတ်(၁၆)ဘီ၊ (အခန်း A-၃)၊ ရေတွင်းကြီးလမ်း၊** |
| | **အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း - ၀၉-၄၃၀၄၃၀၉၆၊ ၀၉-၇၆၇၀၉၂၂၆၊ ၀၁-၅၂၉၅၅** |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၁-၂၀၂၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၆)ပါ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် မမိမြတ်အိမ်မွန်၊ ဒေါ်အေးအေးဝမ်းအစား မမိမြတ်အိမ်မွန်၊ ဒေါ်အေးအေးစမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ၂၃x၂၄ကြား၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကျော်သိန်း[၉/မနတ(နိုင်)၀၆၉၀၇၄]၏ (GP ရရှိသူ ဦးသန်းနိုင်ဦး)က အမှုတွဲအမှတ်(၃၆၈၈/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်-၄၄၉၊ ၃-လွှာ၊ ဒုတိယထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သောတိုက်ခန်းအား ပိုင်ဆိုင်ပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ၁။ဦးသောင်းထွဋ်စိန် [၁၃/တကန(နိုင်)၀၃၈၁၆၆]၊ ၂။ဒေါ်စပယ်ထွန်း[၁၂/လမတ(နိုင်)၀၁၅၃၅၆]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေLL.B,D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်၊ အိမ်အမှတ်(၄၇၉/ခ)၊ မြေအကျယ်(၂၀x၆၀)ပေထဲမှ ခြေရင်းခြမ်း၊ (၁၀x၆၀)ပေ အိမ်ခြံမြေကွက်အား တရားဝင်ပိုင်ဆိုင်သော ဒေါ်တင်ခိုင်အေး(ဘ) ဦးသန်းမြင့်[၁၂/အစန(နိုင်)၁၆၇၆၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးယဉ်ထွေး(ဘ)ဦးဆက်တီဝါလူ[၁၃/မလမ(နိုင်)၃၂၃၀၉၂]မှ ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြတ်မိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၅၇၃)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၉၈၄၇၃၁၅၃၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ -

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

**မှတ်ချက်။** ဝင်ခွင့်လျှောက်ထားချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်) လက်ဝယ်ကိုင်ဆောင်တင်ပြနိုင်ခြင်းမရှိပါက ရမှတ်မည်မျှပင်ရရှိစေကာမူ လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်းအခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း STEAMS-1 ဘာသာတွဲ သင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက် ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

(ဃ) ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 ဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာ စုစုပေါင်းရမှတ်(၄၅၀) နှင့်အထက်ရရှိသူဖြစ်ရမည်။အဆိုပါ(၆)ဘာသာစုစုပေါင်းရမှတ်(၄၅၀)နှင့်အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (၃)ဘာသာပေါင်းရမှတ် (အများ/အနည်း)ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(င) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page၊ Website **www.moh.gov.mm** နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website **www.hrh.gov.mm** တို့တွင် ကြေညာမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက် **(မပျက်မကွက်)** လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီ ဝင်ရောက်ဖြေဆိုခြင်းမရှိသူများအား (၃)ဘာသာပေါင်းရမှတ်မည်မျှပင်ရရှိစေကာမူ လုံးဝ**(လုံးဝ)** လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာပေါင်းရမှတ်နှင့် လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍ အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုမည်။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြားအကြောင်းကြားပေးမည်မဟုတ်ပါ။

(ဈ) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ည) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်။

(ဋ) ကတိခံဝန်ချက်စာချုပ်ပါ ကတိပြုချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပျက်ကွက်ပါက သို့မဟုတ် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေ(၆၀,၀၀၀,၀၀၀/-) (ကျပ်သိန်းခြောက်ရာတိတိ)ကို ပေးလျော်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်းကိုလည်း ခံရမည်ဖြစ်ပါသည်။ ထို့အပြင် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ) ထုတ်ပေးမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည် -

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း)** (၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက် **(မူရင်း)**

(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့ သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင် မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါ မည်ဟု သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ဥက္ကဋ္ဌ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက် တင်ပြရမည်။**

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **(၁၈-၁၂-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၆။ **လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသောလျှောက်လွှာများ၊ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများနှင့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။
**(တက္ကသိုလ်ပြောင်းရွှေ့ပညာသင်ကြားခွင့်အား လုံးဝ(လုံးဝ)ခွင့်ပြုမည်မဟုတ်ပါ)**

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည် (မြန်မာ) ------------------------ ကျား [ ] မ [ ]
(အင်္ဂလိပ်)------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ------------------------

၄။ လူမျိုး ---------------- ကိုးကွယ်သည့်ဘာသာ ----------------

၅။ ဖခင်အမည် ---------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------
အလုပ်အကိုင်------------------------

၆။ မိခင်အမည် ---------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------
အလုပ်အကိုင်------------------------

၇။ GRADE-10 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း----------------
----------------မြို့----------------မြို့နယ်----------------ပြည်နယ်/တိုင်းဒေသကြီး

၈။ GRADE-11 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း----------------
----------------မြို့----------------မြို့နယ်----------------ပြည်နယ်/တိုင်းဒေသကြီး

၉။ တက္ကသိုလ်ဝင်စာမေးပွဲ (GRADE-12) အောင်မြင်သည့်ခုနှစ်----------------ခုံအမှတ်----------------
(၆)ဘာသာစုစုပေါင်းရမှတ်------------၊ (၃)ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)------------
အောင်မြင်သည့်စာစစ်ဌာန------------------------၊
----------------မြို့၊ ----------------မြို့နယ်----------------ပြည်နယ်/တိုင်းဒေသကြီး

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်------------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ ------------------------
------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်------------------------
------------------------

၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------------

------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ------------------------

------------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

## ကန့်ကွက်နိုင်ပါကြောင်း

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ရန်ကုန်မြို့ရှိ စာရင်းအမှတ် (CTN-00364) (ဦးချစ်ညွန့်+ ဒေါ်အုံးကြည်) (ကွယ်လွန်) အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ကမ္ဘောဇ(၃)လမ်း၊ အမှတ်(၄၁၅)ရှိ ဝန်ထမ်းအိမ်ရာချေးငွေအား ပြေကျေစွာပေးဆပ်ပြီးဖြစ်ပါ၍ မြေချပါမစ်(မူရင်း) စာရွက်စာတမ်းများထုတ်ပေးနိုင်ရန်အတွက် ဦးချစ်ညွန့်သည် (၄-၉-၂၀၁၁)ရက်တွင် ကွယ်လွန်ပြီး ဇနီး ဒေါ်အုံးကြည်သည် (၁၆-၉-၂၀၁၄) ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် သမီးဖြစ်သူ ဒေါ်မြင့်မြင့်မွန်[၁၂/ဗတထ(နိုင်)၀၁၀၀၈၂]မှ မြေချပါမစ်ထုတ်ယူခွင့်ပြုရန် တင်ပြလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ဝန်ထမ်းအိမ်ရာချေးငွေဌာနစိတ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(မူရင်း) လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**လက်ထောက်အထွေထွေမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်၊**
**ဘဏ်ခွဲ(၂)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပုဂံစက်လမ်း၊ တိုက်အမှတ် (၅၇/၈၉) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ ပထမထပ်(၃)လွှာခြေရင်းခန်း(၁၅.၆ ပေခွဲx ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၉-၁၁-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးလှဦး [၁၂/လသယ(နိုင်)၀၁၆၈၃၃]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးခုပ်ခိုကျင့်လာန်**
**[၅/ကလထ (နိုင်) ၂၄၁၉၃၆]**
**ကြည့်မြင်တိုင်/ ဆေးရိုးတန်းလမ်း၊ ကမ်းနားလမ်းအနီး/ ရန်ကုန်မြို့။**
**09-977194605, 09-970871953**

## ပြင်ဆင်ဖတ်ရှုပါရန်

( ၂၀-၁၁-၂၀၂၅ ) နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀) အလယ်အောက်ဆုံးအပေါ်တွင် ဖော်ပြပါရှိသော ကန့်ကွက်နိုင်ပါသည် ခေါင်းစဉ်ပါရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်း၊ ဘုတာရုံလမ်း၊ တိုက်အမှတ်(၃၂)ဟုခေါ်တွင်သော ပြည့်စုံချမ်းသာကွန်ဒိုအဆောက်အဦးမှ (၈)လွှာ၊ အခန်းအမှတ် (Unit L)၊ အကျယ်အဝန်း (၉၇၀)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကြော်ငြာတွင် ရောင်းဘိုးငွေ၏ ထက်ဝက်ကျော်ကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်အစား ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်ဟု ပြင်ဆင်ဖတ်ရှု ပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ရှိ(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ

အမှတ်(၆၆)၊ နတ်သျှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ၀၉-၄၃၀၈၈၅၄၉

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၀)၊ ဦးပိုင်အမှတ်(၂)၊ ၆၃x၆၄ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသော်ဇင်လင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မျိုးမိုင် [၁၂/မဘန(နိုင်) ၁၀၀၄၈၁]က အမှုတွဲအမှတ် (၃၇၀၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉၂)၊ ဦးပိုင်အမှတ်(၆)၊ ၁၄၉ လမ်း၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန့်ဇင်၏ (GP ရရှိသူ ဒေါ်အေးကို)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၁၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှရင် [၁၃/တကန (နိုင်) ၀၀၆၅၂၃]က အမှုတွဲအမှတ်(၃၇၀၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဈ)၊ ဦးပိုင်အမှတ် (၂၁)၊ ၇၀ (A) လမ်းနှင့် ၁၀၂ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဆန်းဝင်း [၉/မရမ (နိုင်) ၀၄၉၀၀၇]က အမှုတွဲအမှတ် (၃၆၉၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရွှေဝဏ်လမ်း၊ ရွှေချမ်းသာ အဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(10-A)၊ (၁၀)ထပ်၊ အခန်းအမှတ် (228)၊ အကျယ်အဝန်း (၁၁၈၄) စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းနှင့် လူနေထိုင်ခွင့်အပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ ဦးအောင်ဇော်ဦး [၁၂/လမန(နိုင်)၁၂၅၁၅၉]နှင့် ဒေါ်ဖြူဖြူဟန် [၁၂/သကတ(နိုင်)၁၃၆၂၄၁]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးသီရိကျော် [၁၁/စတန(နိုင်) ၀၆၉၇၉၃]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေကျော်ကိုကို (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၇၇၀)**
**အမှတ်(၂၈)၊ မဓုဒါနလမ်း၊ မလွကုန်းဈေးကွက်(က)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၃၄၆၀၅၄၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်- ၂၂ ဟုခေါ်တွင်သော ကန်ထရိုက်တိုက် အဆောက်အဦ၏ ပဉ္စမထပ် (အထပ်-၆)၊ (ခေါင်းရင်းခန်း)နှင့် ယင်းတိုက်ခန်းဖြင့် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂၂-၂-၂၀၁၈)ရက်စွဲပါ စရန်ငွေပေးချေခြင်း ကတိစာချုပ်နှင့် (၂၀-၃-၂၀၁၈) ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် နောက်ဆုံးကျန်ငွေပေးချေခြင်းစာချုပ်များအရ ဦးဇော်မင်းထွန်း [၁၂/စခန(နိုင်) ၀၀၂၃၂]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဇော်မင်းထွန်းမှာ (၉-၁၂-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးထက် [၁၂/ကမတ(နိုင်)၀၅၆၆၄၇]မှ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်လာခဲ့ခြင်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း (B.A, H.G.P, C.B.L, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်- ၆၀၈၂)**
**တိုက်အမှတ်- ၃(အေ)၊ ၃-လွှာ (ခေါင်းရင်းခန်း)၊**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၇၉၂၇၁၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်းနှင့် စံပယ်(၅)လမ်းထောင့် အမှတ် (၅၁၉) မြေပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏၊ ပထမထပ် (2-B)ခန်း၊ အကျယ်အဝန်း အလျား (၁၁ ပေခွဲ)x အနံ (၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာ ဦးတင်မြင့် [၁၂/လမန(နိုင်)၁၇၁၄၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကိုလေး (S/OKA-၀၀၉၉၄၃)နှင့် ဒေါ်စန်းစန်းအေး (TGKN- ၀၄၅၆၈၈)တို့သည် (၂၀-၁၁-၂၀၂၅) ရက်စွဲပါ **“နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”** ချုပ်ဆို၍ တိုက်ခန်းအားဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၉၅)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၅၆၀၀၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးကရာဘာဂျားသည် (၁၀-၉-၁၉၇၄) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်အေးမြင့်သည် (၁-၅-၁၉၈၅)ရက်နေ့တွင် အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ မိဘများကွယ်လွန်ခဲ့ပြီးနောက် ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရိုဂါရပ်ကွက်၊ အလီဇံခြံ(စီ)အကွက်၊ ဦးပိုင်အမှတ်- ၂၃၊ ခြံမြေအတွင်းမှ အမှတ်- ၂၀၊ သီတာ(၂)လမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ (၃၃ပေx ၇၀ပေ) အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ (၂၄-၃-၁၉၉၃)ရက်စွဲပါ ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး နေအိမ်ဆောက်လုပ်ကာ ယခုအချိန်ထိ မိသားစုလက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါ မြေနှင့်နေအိမ်မှာ အမွေဆိုင်ပစ္စည်းမဟုတ်ဘဲ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းပိုင်ဆိုင်သည့် မြေနှင့်နေအိမ်ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် နေအိမ်နှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်အကျိုးခံစားပိုင်ခွင့်ရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်တောင်းဆိုနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဝင်း [၁၂/သလန(နိုင်)၀၉၆၃၅၇] ကိုင်ဆောင်သူ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မြင့်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့ နေ (စဉ်- ၁၅၂၁၂/၂၀၁၈)**
**အမှတ်- ၃၁၊ သဇင်(၃)လမ်း၊ ဒါရိုဂါရပ်ကွက် သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph- ၀၉-၄၂၀၂၆၈၀၈၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၁၈၉-ဇ)၊ ၅၈x၆၀ကြား၊ ၂၆x၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဂျာနန်း [၉/ပသက(နိုင်) ၀၀၉၅၃၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူး (လစာနှုန်းကျပ်၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၃၃)နေရာ |
| ( ခ ) | အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀၀)နေရာ |
| ( ဂ ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅၀)နေရာ |
| (ဃ) | စာရင်းကိုင်-၄ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅၀)နေရာ |
| ( င ) | အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၇)နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- ( ခ ) အငယ်တန်းအင်ဂျင်နီယာ-၃ရာထူးအတွက် (၃၁-၁၂-၂၀၂၅) ရက်နေ့တွင် အသက် (၃၂)နှစ်နှင့် ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- ( ဂ ) အငယ်တန်းစာရေး၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်-၄ နှင့် အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးများအတွက် (၃၁-၁၂-၂၀၂၅)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) အငယ်တန်းအင်ဂျင်နီယာ-၃ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာဘွဲ့တစ်ခုခု ရရှိသူ ဖြစ်ရမည်။
- ( င ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- ( စ ) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆိုင်ရာ ဘွဲ့တစ်ခုခု (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ကွန်ပျူတာဆိုင်ရာဒီပလိုမာရရှိသူ ဖြစ်ရမည်။
- (ဆ) စာရင်းကိုင်-၄ ရာထူးအတွက် စာရင်းအင်းဆိုင်ရာ ဘွဲ့တစ်ခုခု (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် စာရင်းအင်းဆိုင်ရာ ဒီပလိုမာရရှိသူ ဖြစ်ရမည်။
- ( ဇ ) အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာဘွဲ့/ ဒီပလိုမာ တစ်ခုခုရရှိသူဖြစ်ရမည်။
- ( ဈ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ည) ဌာနတွင် အနည်းဆုံး(၃)နှစ် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ( ဋ ) ဒေသခံများအားဦးစားပေးစဉ်းစားမည်၊ ဝေးလံဒေသများအတွက် အသက် သတ်မှတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
- ( ဌ ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
- ( ဍ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) သည့် ပြစ်ဒဏ်နှင့် ရာထူးမှထုတ်ပယ် (Removal) သည့်ပြစ်ဒဏ်ချမှတ်ခံထားရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝန်ထမ်းသစ်ဖြည့်တင်းခန့်ထားမည့်ဒေသများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန **Website www.mcrd.gov.mm** နှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ဖော်ပြကြော်ငြာထားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမား ရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
- ( ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- ( ဂ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း၊ [လွန်ခဲ့သော(၁)လအတွင်း] (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- ( င ) ကျန်းမာကြောင်းဆေးထောက်ခံစာ [လွန်ခဲ့သော (၁)ပတ်အတွင်း]၊
- ( စ ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ [လွန်ခဲ့သော (၁)လခန့်အတွင်း]။

၆။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၃၆)(B)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်ကျေးလက်ရုံးများအတွက် သက်ဆိုင်ရာကျေးလက်ဦးစီးဌာနရုံးများသို့ (၃၁-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ (၃၁-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

[ကြိုတင်လျှောက်လွှာ(၁)စောင်ကိုရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။]

၈။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့်တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့်နေ့ရက်၊ နေရာနှင့်အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ တယ်လီဖုန်းနံပါတ် ၊ ၀၆၇-၄၁၈၆၀၉၊ ၀၆၇-၄၁၈၆၁၂နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သံယောဇဉ်လမ်း၊ ရပ်ကွက်ကြီး(၁)နေ (ဘ) ဦးအောင်ဌေး၏သမီး မသင်းနန္ဒီစိုး နိုင်ငံသားမှတ်ပုံတင်အမှတ် [၅/ရဘန (နိုင်) ၂၇၀၀၉၆]၏ အမည်မှန်မှာ မသင်းနဒီစိုးဖြစ်ပါကြောင်း။

**မသင်းနဒီစိုး**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၂၀၉)၊ A-5 (ခေါင်းရင်းခန်း) (၅-လွှာ)၊ အကျယ်အဝန်း (၁၇ပေx ၅၁ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတွင်တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားလက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဒေါ်ရိုစ်ဗာဂျင်း** [၁၂/မဂတ(နိုင်)၀၂၆၀၂၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်စံ** [၁၂/ဒဂန(နိုင်) ၀၀၁၃၅၇]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသန်းထိုက်အောင်(LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၅၇၇/၂၀၂၃)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၇၉၆၄၉၉၈၁**

❖ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လို...

❖ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံ ၂၃၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်



KK Park နယ်မြေအတွင်း လူနေအဆောက်အအုံ (၅)ထပ်တိုက်အား ဖြိုချဖျက်ဆီးပြီး တွေ့ရစဉ်။

နေပြည်တော်  နိုဝင်ဘာ  ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ကမ္ဘာတစ်ဝန်းလုံးမှ ကန့်ကွက်ရှုတ်ချလျက်ရှိသော အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့် နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင် အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထက်ပါနယ်မြေများရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများအား အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃)နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ကွန်ပျူတာအလုံး ၁၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းအပြင်တရားမဝင်အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

# တစ်ယောက်လျော့ အဲဗာတန်ကို အိုးထရက်ဖို့ဒ်ကွင်း၌ မန်ယူရှုံးနိမ့်

မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ နိုဝင်ဘာ ၂၅ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အဲဗာတန်အသင်းက မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။




မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ အဲဗာတန်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်မှာ ဂူယီနဲ့ မိုက်ကယ်ကင်းတို့ ကစားဖော်ချင်း ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုဖြစ်ပွားခဲ့လို့ ဂူယီကို တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့တာကြောင့် ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရပါတယ်။

**အနိုင်ရရှိ**

အဲဗာတန်အသင်းဟာ မန်ယူအသင်းရဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်မှာ ဒူးစ်ဘူရီဟောလ်ရဲ့ သွင်းဂိုးတစ်ဂိုးရရှိခဲ့ပြီး အဲဒီတစ်လုံးတည်းသောသွင်းဂိုးနဲ့ပဲ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ✳

## ယနေ့ ဖတ်စရာ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ
စာမျက်နှာ » ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချနိုင်ခဲ့
စာမျက်နှာ » ၁၅

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်
စာမျက်နှာ » ၁၈